
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# မအိုစာ

## မိမိလေး


| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | – | ၅၀၁၃၃၄၁၀၁၁ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | – | ၅၀၁၃၀၁၁၁၁၁ |
| | | ပထမအကြိမ် |
| | | ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ |
| ထုတ်ဝေသူ | – | ဦးကျော်ဆန်း (ရဲဘော်ကျော်ဆန်း) (မြ-၀၉၃၂) ရဲအောင်စာပေတိုက် အမှတ် (၂)၊ ချွန်းလမ်း (၁)၊ မင်္ဂလာတောင်ညွန့်မြို့နယ်။ |
| အတွင်းနှင့်အဖုံးပုံနှိပ်သူ | – | ဦးကျင်ရင် (မြ-၀၅၄၁၇) ရွှေခြင်္သေ့ပုံနှိပ်တိုက် အမှတ် (၂၀၈)၊ (၃၁) လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ |
| အုပ်ရေ | – | ၅၀၀ |
| တန်ဖိုး | – | ၁၅၀၀ ကျပ် |
| ဖြန့်ချိရေး | – | ရွှေမင်းသမီးစာပေ၊ |

ဖုန်း – ၀၉၄၃၀၃၃၁၅၂၊ ၀၁-၄၀၀၆၇၄

၈၉၅-၈၃

မအိုစာ

မိမိလေး / မအိုစာ – ရန်ကုန် ။

ရဲအောင်စာပေ၊ ၂၀၁၁

၂၀၈ စာ၊ ၁၃.၂၁ × ၂၀.၈၃ စင်တီ၊

(၁) မိမိလေး


www.burmeseclassic.com

www.burmeseclassic.com

### ဒို့တာဝန် အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

### ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ
နိုင်ငံတော်တည်ငြိမ်ရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ
နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ
ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ

### နိုင်ငံရေးဦးတည်ချက် (၄) ရပ်

နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး
ခိုင်မာပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄) ရပ်

စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင် ရှိရေး

### လူမှုရေးဦးတည်ချက် (၄) ရပ်

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

## ထွက်ရှိပြီးစာအုပ်များ

၁။ ခေါ်စာပစ်တဲ့ည
၂။ မလှစုန်းယိုး
၃။ အရှင်လတ်လတ်
၄။ ကနားစီးဒေဝါ
၅။ ခေါင်းတလားရာဇာ
၆။ နတ်ကဝေမယ်
၇။ ပျဉ်ထောင်ကတော်နတ်
၈။ ပုဏ္ဏပုံစံအိမ်
၉။ ခုတင်နံပါတ် ၃၁
၁၀။ ဘုံစာကျွေးတဲ့နေ့
၁၁။ နတ်ကျားဝိညာဉ်
၁၂။ မာတင်
၁၃။ ဘီလူးနကွတ်
၁၄။ မိုးကြိုးအလောင်း
၁၅။ နှစ်ဘဝရွှေသိုက်
၁၆။ မိုးနတ်ဒေဝီ
၁၇။ ကျိန်
၁၈။ မရဏာစာရွက်
၁၉။ မိစ္ဆာအိုး
၂၀။ လေးကျွန်းမှော်
၂၁။ ရဲမက်တစ္ဆေ
၂၂။ ရွှေတောင်ရွာသူ မချမ်းသာ
၂၃။ ပတ္တမြားဝိညာဉ်

ယခု . . . **မိမိလေး**

www.burmeseclassic.com

www.burmeseclassic.com

မအိုစာ

စာတိုက်သေတ္တာအမှတ် (၁၉၇)

ရန်ကုန်မြို့။

အကြံပြုစာ ရေးသားပေးပို့သူ ပရိသတ်အားလုံးကို လက်မှတ်ထိုးထားသော စာအုပ်လက်ဆောင်များ ပြန်လည်ပေးပို့လျက်ရှိပါတယ်။

မအိုစာ

# မိမိလေး

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁)

## လွန်ခဲ့သော နှစ်ပေါင်းလေးဆယ်ကာလ

ပြည်မြို့အနီး ဇီးဖြူတောရွာလေးရဲ့ ဆည်းဆာချိန်ဟာ ကလေးငယ်တွေ ဆော့ကစားသံနဲ့ ညံညံစီနေတယ်။

ကလေးငယ်တွေဟာ ရွာအဝင် ကုက္ကိုပင်ကြီးအောက်မှာ ပျော်ရွှင်စွာ ခုန်ပေါက်ဆော့ကစားနေကြတယ်။

ဒီအချိန်မှာပဲ လူတစ်ယောက်ဟာ ကလေးတွေအနားကို

www.burmeseclassic.com

www.burmeseclassic.com



ဒယိမ်းဒယိုင် လျှောက်လာရင်း ...

"ဟော့ကောင် ပုလုံး ...မင်းကို ငါ မဆော့ရဘူးလို့ မှာထားတယ် မဟုတ်လား၊ ငါမရှိတာနဲ့ လွတ်လပ်ရေးရနေပြီပေါ့၊ ကဲကွာ ... ဖအေ့စကား နားမထောင်ဘူး"

လို့ ပြောဆိုပြီး ကလေးရဲ့ကျောကို တဘုန်းဘုန်း ရိုက်လိုက်တယ်။

"ကျုပ် ... ကျုပ် မဆော့တော့ပါဘူး အဖေရဲ့၊ ကျုပ်ကို မရိုက်ပါနဲ့၊ အမေ့ဆီမှာ ခွင့်တောင်းပြီး ဆော့မိတာပါ ... ဟီး ဟီး ဟီး"

ပုလုံးလေးဟာ ဖခင်ဖြစ်သူရဲ့ရိုက်ချက်ကြောင့် အော ဟစ်ငိုတဲ့အခါ ...

"တိတ်စမ်း ... မငိုနဲ့၊ အမေက ဆော့ခိုင်းလို့ ဟုတ်လား၊ အေး ... တွေ့မယ်၊ လာခဲ့ ပြန်မယ်"

လို့ ဗလုံးဗထွေးသံကြီးနဲ့ မာန်မဲပြီး ပုလုံးလေးကို ခေါ်ခဲ့တယ်။



ပုလုံးလေးဟာ ဖခင်ရဲ့လက်မှာ ငိုယိုပြီး ပါလာရှာတယ်။ အိမ်ဝိုင်းတစ်ခုရှေ့ရောက်တဲ့အခါ ကလေးဆွဲလာတဲ့လူဟာ ဒေါသတကြီးသံနဲ့ ...

"ဟေ့ လုစိန် ... ကောင်မ ဘယ်သွားသေနေလဲ၊ လာစမ်း"

လို့ အော်ဟစ်ပစ်လိုက်တဲ့အခါ အိမ်ထဲက မိန်းမတစ် ယောက် အထိတ်တလန့် ပြေးထွက်လာပြီး ...

"အမယ်လေး ကိုမြင်မောင် ... ရှင် သောက်လာပြန်ပလား၊ ရှင့်ကို မြို့လွှတ်လိုက်တာ အရက်သောက်ဖို့ လွှတ်တာမဟုတ်ဘူး၊ လူကြားလို့ မကောင်းဘူးတော် ... အိမ်ထဲ မြန်မြန်ဝင်စမ်းပါရှင်"

လို့ ပြောဆိုရင်း ယောကျ်ားကို ဆွဲခေါ်လိုက်တယ်။

"ကောင်မ ... နင်က ငါ့ ပြန်ပြီး ဆရာလုပ်နေတယ် ... ဟုတ်လား၊ ငါ့ပါးစပ်နဲ့ ငါသောက်တာ ဘယ်သူ့ဂရုစိုက်ရမှာလဲ၊ ကောင်မ ... ငါ

www.burmeseclassic.com

www.burmeseclassic.com



မှာထားရက်နဲ့ ကလေးကို ဆော့ခိုင်းတယ် ...

ဟုတ်လား”

ကိုမြမောင်ရဲ့ အော်ကြီးဟစ်ကျယ်သံကြောင့် အိမ်နီးနားချင်းတွေဟာ စူးစမ်းသလိုနဲ့ လှမ်းကြည့်နေကြတယ်။

“တော်ပါတော့ ကိုမြမောင်ရယ် ... ရှင်က အရက်မူးရင် သွေးဆိုးလွန်းလို့ ပြောတာပါရှင်၊ အခုတောင် ဘေးအိမ်တွေ လှမ်းကြည့်ကုန်ပြီ၊ မူးရင်လည်း ငြိမ်ငြိမ်လေး လှဲနေနော်၊ ကျုပ် အိပ်ရာပြင်ပေးမယ်”

မလှစိန်ရဲ့စကားကြောင့် ကိုမြမောင်ဟာ အကြီးအကျယ် ဒေါသထွက်သွားပြီး ...

“ငါ့ပိုက်ဆံနဲ့ ငါသောက်တာ ဘယ်သူ့မှ ဂရုမစိုက်ဘူးကွ၊ မလှစိန် ... နင် ငါ့အကြောင်း သိတယ်နော်၊ ပြောစမ်း ... ပုလုံးကို ဘာလို့ဆော့ခိုင်းတာလဲ၊ မြန်မြန်ပြော ... ငါ လက်ပါမိတော့မယ်”



လို့ ကြုံးဝါးလိုက်တဲ့အခါ မလှစိန်တစ်ယောက် မျက်နှာပျက်သွားရင်း ...

“ကိုမြမောင်ရယ် ... ကလေးပဲရှင် ဆော့ချင်ရှာမှာပေါ့၊ ရှင်ရှိတဲ့အချိန်ဆို သူ့မှာ ကလေးဖြစ်ပြီး အိမ်ပြင်ကို မထွက်ရဘူး၊ ဒါကြောင့် ရှင်မရှိတုန်း ကျုပ်လွှတ်မိတာ၊ ဘာဖြစ်လဲတော့ ... ကလေးပဲ”

လို့ ဖြေရှင်းချက်ပေးလိုက်တဲ့အခါ ကိုမြမောင်ဟာ မလှစိန်ရဲ့ပါးကို ဖျန်းခနဲ ပိတ်ရိုက်လိုက်ရင်း ...

“ငါ့စကား နားမထောင်ချင်ဦး ... ကဲဟာ”

လို့ပြောပြီး မလှစိန်ရဲ့ပါးကို ‘တဖျန်းဖျန်း’ ရိုက်ချလိုက်တယ်။

“မလုပ်ပါနဲ့ ... အမေ့ကို မရိုက်ပါနဲ့၊ ကျုပ် ဆော့ချင်လို့ ဖြစ်သွားတာပါ၊ အမေ့မှာ အပြစ်မရှိပါဘူး”

ပုလုံးလေးဟာ ...

www.burmeseclassic.com

www.burmeseclassic.com



မျက်ရည်စက်လက်နဲ့ မိခင်ဖြစ်သူကို ဝင်ပြီးဆွဲရှာပါတယ်။

အရက်ရှိန်ကြွနေတဲ့ ကိုမြမောင်ဟာ ပုလုံးလေးကိုပါ ဆောင့်တွန်းလိုက်တယ်။

ဒီအချိန်မှာပဲ မလှစိန်ရဲ့မိခင်ဟာ အိမ်ပေါ်ခါးထောက် တက်လာပြီး ...

"မြမောင် ... နင် မူးပြီး ရမ်းမနေနဲ့၊ ဘယ့်နှယ် ... ငါ့အိမ်မှာလည်း တက်နေတယ်၊ ငါ့သမီးနဲ့မြေးကိုလည်း နှိပ်စက်သေးတယ်၊ မနေချင် ဆင်းသွား ... မနှိပ်စက်နဲ့၊ နင့်လိုကောင်မျိုး အံဖတ်ဆို့သေမှ အေးမယ်"

လို့ ဝင်ရောက်ငေါက်ငမ်းလိုက်တော့မှ ကိုမြမောင်တစ်ယောက် ငြိမ်ကျသွားတယ်။

ကိုမြမောင်ဆိုတာက မလှစိန်နဲ့ အိမ်ထောင်ကျကတည်းက လက်ကြောတင်းတဲ့လူ မဟုတ်ဘူး။

ဇယောက္ခမအိမ်ကပ်နေပြီး မိန်းမလုပ်စာ ထိုင်စားနေ



တော့ ယောက္ခမကြီးကို ဖိမ့်ဖိမ့်တုန် ကြောက်ရတယ်။

ကိုမြမောင်ဟာ ယောက္ခမနဲ့ စကားပြိုင်မပြောချင့်တာကြောင့် အိမ်ထဲက အရက်ပုလင်းကိုဆွဲယူပြီး အိမ်အောက်ဆင်းခဲ့တယ်။

ပြီးတော့ ... အိမ်နောက်ဖေးက နွားတင်းကုပ်မှာထိုင်ရင် အရက်ကို ဆက်သောက်နေလိုက်တယ်။

နောက်တော့ အမူးလွန်ပြီး အိပ်ပျော်သွားတော့တယ်၊

သန်းခေါင်ချိန်မှာတော့ ကိုမြမောင်ရဲ့ 'အားခနဲ' အော်ဟစ်သံကြီးက တစ်ရွာလုံး လွှမ်းသွားတယ်။

အသံကြောင့် မလှစိန်နဲ့ယောက္ခမဖြစ်သူလည်း အထိတ်တလန့် ပြေးဆင်းလာကြတယ်။

သူတို့ နွားတင်းကုပ်နားအရောက်မှာတော့ ကိုမြင့်မောင်ဟာ မျက်လုံးအပြူးသားနဲ့ ...

"အား ... ပူတယ်၊ ငါ့ဗိုက်ထဲက ကလီစာတွေ မကောင်းဆိုးဝါးတွေ ဖောက်စားသွားပြီ ... ဟီး ဟီး ဟီး"

www.burmeseclassic.com

လို့ သွေးရူးသွေးတန်း အော်ဟစ်ပြီး အသံနက်ကြီးနဲ့ တဟီးဟီး ရယ်နေတယ်။

မလှစိန်နဲ့ ယောက္ခမကြီးဟာ ကိုမြမောင်ရဲ့စကားကြောင့် ကျောချမ်းသွားကြတယ်။

"ဟဲ့ မြမောင် ... အချိန်မတော်ကြီး ဘာတွေ ပြောနေတာလဲ၊ မြမောင် ... မြမောင် ... ဟဲ့ သတိထားစမ်း"

ယောက္ခမကြီးဟာ မြမောင်ရဲ့ပခုံးကို ကိုင်လှုပ်ရင်း ပြောလိုက်တဲ့အခါ မြမောင်က ...

"မထိနဲ့ ... မကောင်းဆိုးဝါးတွေ ငါ့ကို ဆွဲဖို့ လာနေပြီ၊ ဟီး ... ဟီး ... မလာကြနဲ့၊ မကြောက်ဘူး၊ ငါ မကြောက်ဘူးကွ ... ဟား ဟား ဟား"

လို့ အော်ဟစ်ရင်း ငိုလိုက်၊ ရယ်လိုက် ဖြစ်နေတယ်။

ဒီအချိန်မှာပဲ ရွာသားတွေရောက်လာပြီး မလှစိန်ကို မေးမြန်းကြတယ်။



"ကျုပ်လည်း မပြောတတ်ပါဘူး၊ အော်သံကြားလို့ ဆင်းကြည့်တာ၊ ကိုမြမောင်လေ ... အမေ့ကို စိတ်ဆိုးပြီး နွားတင်းကုပ်မှာ အိပ်နေတာပေါ့၊ အခု ... ရှင်တို့မြင်တဲ့အတိုင်း ဘာတွေ ပြောမှန်းမသိဘူး၊ ငိုလိုက် ရယ်လိုက်နဲ့ ... ကျုပ်တို့တော့ ဒုက္ခပါပဲတော် ... အီး ဟီး ဟီး"

မလှစိန်တစ်ယောက် ပြောဆိုရင်း စိတ်မကောင်းဖြစ်ပြီး ငိုမိတယ်။

"ဟာ ... ဒီအတိုင်း ထားလို့ ဘယ်ဖြစ်မလဲ၊ ဟေ့ကောင်တွေ ... မြမောင်ကို ဝိုင်းမကြစမ်း၊ အိမ်ပေါ်ခေါ်သွားမယ်၊ အချိန်မတော်ကြီးဗျာ"

ရွာသားတစ်ယောက်က ပြောပြောဆိုဆို မြမောင်ကို ဝိုင်းမပြီး အိမ်ပေါ်တင်ကြတယ်။

ကိုမြမောင်ကတော့ ရွာသားတွေလက်မှာ အော်ဟစ်ရုန်းကန်နေဆဲ။

အိမ်ပေါ်ရောက်တော့ မြမောင်ကို ဘုရားစင်အောက် ;

www.burmeseclassic.com


လိုက်ကြတယ်။

မြမောင်ကတော့ ဖျာပေါ်မှာ လူးလိမ့်ရင်း အရက်ကို အလွန်အကျွံသောက်ထားတဲ့အရှိန်ကြောင့် ...

"ပူတယ် ... ပူတယ်"

လို့ အော်ဟစ်နေရှာတယ်။

ဒီအခါမှာ မိန်းမကြီးတစ်ယောက် မြမောင်ကိုကြည့်နေရင်း ...

"ကျုပ်တော့ သိပ်မသင်္ကာဘူး"

လို့ ရေရွတ်ရင်း မလှစိန်နားကပ်ပြီး တီးတိုးပြောလိုက်တယ်။

မိန်းမကြီးရဲ့စကားကြောင့် မလှစိန်ဟာ မျက်နှာဖြူဖျော့သွားပြီး ...

"ဟင် ... တောနှောင့်တာ ... ဟုတ်လား၊ ဟုတ်ပါ့မလားရှင်"

လို့ ရေရွတ်လိုက်တဲ့အခါ မိန်းမကြီးက မျက်လုံးပြူး မျက်ဆန်ပြူးနဲ့ ...



"သိပ်ဟုတ်တာပေါ့ လှစိန် ... ငါထင်ရင် လွဲခဲ့တယ်"

လို့ ထင်ကြေးပေး ပြောလိုက်တယ်။

တောနှောင့်တယ်ဆိုတဲ့အသံကြောင့် လူအားလုံး အထိတ်တလန့် ဖြစ်သွားပြီး ကိုမြမောင်အနား မကပ်ဝံ့ကြတော့ဘူး။

ယောက္ခမကြီးက သမီးအနားကပ်လာပြီး ...

"ဘယ်လိုလုပ်ကြမလဲ လှစိန် ... ညည်း ယောကျ်ားကြည့်ရတာ ကြာရင်မလွယ်ဘူး၊ ငါလည်း ဘာလုပ်ရမှန်း မသိတော့ဘူး"

လို့ ပြောပြန်တယ်။

ယောက္ခမဖြစ်သူ ဒေါ်ခင်စိန်ဟာ မိန်းမကြီးစကားကြောင့် ခေါင်းရှုပ်သွားရတယ်။

ဒီအခါမှာ မလှစိန်က မိန်းမကြီးကို အားကိုးတကြီး ...ရာနဲ့ ...

"ဒါဆို ... ကျုပ်တို့ ဘယ်သူ့ပင့်ရမလဲ၊

www.burmeseclassic.com

www.burmeseclassic.com



ဒီ အချိန်ကြီးကျမှ ဆရာပင့်ဖို့ လွယ်ပါ့မလား”

လို့ စိတ်လှုပ်ရှားစွာ မေးလိုက်မိတယ်။

“အို ... ညည်းကလည်း ဘယ်သူ့ပင့်ရမှာလဲ ... ခေါင်းစွဲ ဒေါ်အိုစာ ရှိတာပဲ၊ သူ့ ပင့်ရမှာပေါ့၊ ကြာပါတယ်အေ ... ကျုပ်နဲ့ လိုက်ခဲ့၊ ဒေါ်အိုစာကို သွားခေါ်မယ်”

မိန်းမကြီးရဲ့စကားကြောင့် မလှစိန်ဟာ မျက်လုံးပြူးသွားရင်း ...

“ဘာ ... ဒေါ်အိုစာကို ပင့်ရမှာ ... ဟုတ်လား၊ တခြားလူ မရှိတော့ဘူးလားရှင်၊ ဒေါ်အိုစာက သုသာန်ပျက်ကြီးမှာ နေတာ၊ ဒီအချိန်ကြီး မသွားရဲဘူး ... ကြောက်တယ်”

လို့ အထိတ်တလန့် ပြောလိုက်တဲ့အခါ မိန်းမကြီးက—

“ဟဲ့ ... တို့ရွာနဲ့အနီးဆုံးက ဒေါ်အိုစာပဲရှိတာ၊ လာစမ်းပါအေ ... ကျုပ်ပါ လိုက်ခဲ့မယ်၊ ညည်းယောကျ်ားအသက်က အရေးကြီးတယ်၊



ကြောက်မနေစမ်းပါနဲ့”

လို့ ပြောဆိုရင်း မလှစိန်ရဲ့လက်ကို ဆောင့်ဆွဲပြီး အိမ်အောက်ဆင်းခဲ့တယ်။

ယောကျ်ားမဖြစ်သူ ဒေါ်ခင်စိန်နဲ့ ရွာသားတစ်စုကတော့ ကိုမြမောင်ရဲ့အခြေအနေကို စောင့်ကြည့်ကျန်ခဲ့ကြတယ်။

မိန်းမကြီးရဲ့ခေါ်ရာနောက်ကို မလှစိန်တစ်ယောက် ကြောက်ကြောက်နဲ့ ပါလာတယ်။

ရွာလမ်းတစ်လျှောက်လုံး မှောင်မည်းနေပြီး တိတ်ဆိတ်နေတယ်။

ရွာထိပ် ကုက္ကိုပင်ကြီးအရောက်မှာတော့ မလှစိန်တို့ နှစ်ယောက် အနောက်က ပြေးလိုက်လာတဲ့ခြေသံကို ကြားလိုက်ရတယ်။

မလှစိန်က လှည့်ကြည့်ဖို့လုပ်တော့ မိန်းမကြီးက လက်ကို ဆောင့်ဆွဲလိုက်ရင်း ...

“လှည့်မကြည့်နဲ့ ... အပုပ်ချိန်ဆိုတာ မကောင်းဆိုးဝါးတွေ တွေ့တတ်တယ်”

www.burmeseclassic.com

www.burmeseclassic.com



လို့ လေသံနဲ့ပြောလိုက်တဲ့အခါ မလှစိန်တစ်ယောက် ခေါင်းမွေးထောင်မတတ် ကြောက်ရွံ့သွားမိတယ်။

"မကောင်းဆိုးဝါး ... ဟုတ်လား ဒေါ်ကြီး၊ ဘယ်လိုသိလဲ"

မလှစိန်ရဲ့အမေးကြောင့် မိန်းမကြီးက စိတ်မရှည်စွာနဲ့

"လှစိန် ... ညည်းယောကျ်ားအတွက် အရေးကြီးတယ်နော်၊ မြန်မြန်လာစမ်းပါအေ၊ ဟိုမှာ သုသာန်ပျက်ကြီးကို ရောက်တော့မယ်"

လို့ ပြောလိုက်တယ်။

မလှစိန်တစ်ယောက် ရိုးတိုးရိပ်တိပ် လှမ်းမြင်နေရ... အုတ်ဂူတွေကိုကြည့်ရင်း ကြက်သီးဖျန်းဖျန်းထ,နေမိတယ်။

မလှစိန်တို့ သင်္ချိုင်းကို ဖြတ်စဉ်မှာတော့ ချောက်ချ... ဖွယ်အဖြစ်နဲ့ ကြုံလိုက်ရတယ်။

မလှစိန်တစ်ယောက် ကြောက်စိတ်ကြောင့် ခြေလှမ်းနှေ... နှေးလာသလောက် ... မိန်းမကြီးကတော့ ခပ်သွက်သွက်သ... နေတယ်။

"နေ ... နေပါဦးတော် ... ကျုပ်ကို စောင့်ဦး၊ ဒေါ်ကြီးက အရမ်းမြန်တာပဲ"

မလှစိန်ရဲ့ ညည်းညူသံကြောင့် မိန်းမကြီးဟာ ခြေလှမ်းရပ်သွားရင်း ...

"လှစိန် ... ညည်း ဘာဖြစ်နေတာလဲ၊ ည အချိန်မတော် သင်္ချိုင်းကိုဖြတ်ရင် လှမ်းမခေါ်ရဘူးဆိုတာ မသိဘူးလား၊ ညည်းတို့ လူငယ်တွေ အယူကိုမရှိကြဘူး၊ ညည်းကြောင့် ဒုက္ခပါပဲ"

လို့ ပြောဆိုရင်း လှည့်အကြည့်မှာတော့ မိန်းမကြီးဟာ ... ချက်လုံးအပြူးကြီးနဲ့ ...

"လှ ... လှစိန် ... ညည်း ... ညည်း အနောက်မှာ"

လို့ အထေ့ထေ့အငေါ့ငေါ့ ရေရွတ်လိုက်တယ်။

မလှစိန်တစ်ယောက် ခေါင်းနားပန်းကြီးသွားပြီး နောက်ကိုလှည့်ကြည့်လိုက်တော့ အရိပ်မည်းမည်းကြီး သူ့ရှိရာကို လှမ်း ...လာနေတယ်။

www.burmeseclassic.com

www.burmeseclassic.com



မလှစိန်ဟာ အရိပ်ကြီးကို ကြည့်နေရင်း ခြေလှမ်းကို နောက်ဆုတ်မိတယ်။

မလှစိန်ရော၊ မိန်းမကြီးပါ ကြောက်စိတ်ကြောင့် အသံ တောင် မထွက်နိုင်ဘူး။

ဒီအချိန်မှာပဲ အရိပ်မည်းကြီးက တရွေ့ရွေ့တိုးကပ်လာ ပြီး မလှစိန်အနား ရောက်လုမတတ် ဖြစ်လာတယ်။

မလှစိန်ဟာ အကြီးအကျယ် သွေးပျက်သွားပြီး နောက် ဘက်ကိုဆုတ်စဉ်မှာပဲ ခလုတ်တိုက်မိပြီး မှောက်ထိုးလဲသွား တယ်။

မိန်းမကြီးကတော့ အရိပ်မည်းကြီးကိုကြည့်ပြီး အ ကြောင်သား ဖြစ်နေမိတယ်။

မလှစိန်တစ်ယောက် အနားတိုးကပ်လာတဲ့ အရိပ်မည်း ကြီးကိုကြည့်ရင်း ငယ်သံပါအောင် အော်ဟစ်လိုက်မိတယ်။

ဒီအခါမှာပဲ အရိပ်မည်းကြီးက ကြောက်မက်ဖွယ် ကောင်းတဲ့ အသံဆိုးကြီးနဲ့ ...

"မကြောက်ပါနဲ့ မိန်းကလေး၊ ကျုပ် သရဲ မဟုတ်ဘူး၊ လူအစစ်ပါ"

လို့ ပြောလိုက်တဲ့အခါ မိန်းမကြီးက အရိပ်မည်းကြီးကို ကြည့်ပြီး ...

"ရှင် ... ရှင် ဒေါ်အိုစာ မဟုတ်လား"

လို့ မေးလိုက်မိတယ်။

"ဟုတ်ပါတယ်၊ ကျုပ် မအိုစာပါ၊ ခွေးတွေ အဆက်မပြတ်အူလို့ ထကြည့်တာ၊ ရှင်တို့က ဒီအချိန်ကြီး ဘာလာလုပ်ကြတာလဲ"

လို့ ပြောလိုက်တဲ့အခါမှ မလှစိန်တစ်ယောက် ကြောက် စိတ်ပြေသွားတော့တယ်။

မိန်းမကြီးက ဒေါ်အိုစာရဲ့စကားကြောင့် သက်ပြင်းချ လိုက်ပြီး ...

"အမယ်လေး ဒေါ်အိုစာရယ် ... ကျုပ်ဖြင့် သရဲမှတ်လို့ လန့်ပြီး အသံတောင် မထွက်နိုင် ဘူး၊ ရှင်ကလည်း စောင်ကြီးခြုံထားတာကိုး၊ ကျုပ်တို့ ရှင့်ဆီလာတာ"

www.burmeseclassic.com

www.burmeseclassic.com



လို့ စကားချီရင်း ကိုမြမောင်အကြောင်းကို ပြောလိုက်တယ်။

ဒီအခါမှာတော့ ဒေါ်အိုစာက ...

"ကျုပ် ဒီအလုပ်တွေ စွန့်လွှတ်ခဲ့တာ ကြာပါပြီ၊ ဒါပေမဲ့ ... ဒုက္ခရောက်နေတော့လည်း ကူညီပေးရတာပေါ့၊ ကဲ ... အချိန်မရှိဘူး ... သွားကြမယ်"

လို့ ပြောပြီး မလှစိန်တို့နဲ့အတူ လိုက်ခဲ့တယ်။

အိမ်ရောက်တော့ မလှစိန်ဟာ ခြံဝမှာ စုပြုံနေတဲ့ လူအုပ်ကြီးကိုကြည့်ပြီး မျက်လုံးပြူးသွားမိတယ်။

"ရှင် ... ရှင်တို့ ဘာလုပ်နေကြတာလဲ၊ ဟဲ့ ချက်စု ... နင့်ကို ကိုမြမောင်အနားမှာ စောင့်ခိုင်းတာ ဘာလုပ်နေတာလဲ"

မလှစိန်ရဲ့စကားကြောင့် ချက်စုဟာ မျက်နှာမှာ သွေးမရှိလောက်အောင် ဖြူဆွတ်သွားပြီး ...

"ဟာ .. ကျုပ်မနေရဲဘူး၊ ခင်ဗျားယောကျ်ား



က ကျုပ်ကို လည်ပင်းထညှစ်တယ်၊ ဘာသိလို့လဲ"

လို့ ပြောလိုက်စဉ်မှာပဲ မိခင်ဖြစ်သူ ဒေါ်ခင်စိန်ဟာ အိမ်ထဲက ကမန်းကတန်းပြေးဆင်းလာရင်း ...

"အမယ်လေး ... လုပ်ကြပါဦး၊ မြမောင် ... မြမောင် မျက်ဖြူကြီးလန်ပြီး ကြည့်နေတယ်၊ ကြောက်စရာကြီးတော့"

လို့ အော်ဟစ်ပြောလိုက်တယ်။

ဒေါ်အိုစာဟာ ဒေါ်ခင်စိန်ရဲ့စကားကို ဂရုမစိုက်ဘဲ အေးဆေးစွာ အိမ်ပေါ်တက်သွားတယ်။

မလှစိန်နဲ့ ရွာသားတွေလည်း အရဲစွန့်ပြီး ဒေါ်အိုစာနောက်က လိုက်သွားကြတယ်။

အိမ်ပေါ်ရောက်တော့ ဒေါ်အိုစာဟာ မြမောင်နံဘေးမှာ ထိုင်လိုက်ရင်း စူးစိုက်ကြည့်လိုက်တယ်။

ဒေါ်အိုစာတစ်ယောက် စူးစိုက်ကြည့်နေစဉ်မှာပဲ မြမောင်တစ်ယောက် ငြိမ်သက်သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ခါမှ ဒေါ်အိုစာက မလှစိန်တို့ဘက် လှည့်လိုက်ပြီး ...

"ရှင်တို့ မစိုးရိမ်ကြပါနဲ့၊ ကျုပ် အခု ... တောပိုင်တောင်ပိုင်တွေကို တိုင်တည်ပြီး စကားပြောမယ်၊ ရှင်တို့ ငြိမ်ငြိမ်နေကြပါ"

လို့ တည်ငြိမ်တဲ့လေသံနဲ့ ပြောလိုက်တယ်။

မလှစိန်တို့အားလုံး ငြိမ်သက်စွာပဲ စိတ်ဝင်တစားကြည့်နေကြတယ်။

ဒေါ်အိုစာဟာ မျက်လုံးစုံမှိတ်ရင်း ခေါင်းဆတ်ဆတ်ညိတ်ကာ ...

"ကျုပ်ရဲ့အာရုံထဲ ပေါ်နေတာတော့ ဒီသူငယ်ဟာ အမှားတစ်ခုခု ကျူးလွန်ထားတယ်၊ ဒီအတွက် ဆိုင်ရာပိုင်ရာတွေ တအား စိတ်ဆိုးနေကြပြီ"

လို့ ပြောလိုက်တဲ့အခါ လူအားလုံး မျက်လုံးပြူးကျတယ်။



ဒေါ်အိုစာရဲ့စကားကြောင့် ယောက္ခမဖြစ်သူဟာ အံကိုကြိတ်ရင်း ...

"မြမောင် ... မြမောင် ... မူးမူးရူးရူးနဲ့ ငါတို့တစ်အိမ်လုံးကို နတ်ကိုင်ခံရလောက်အောင် မွှေနေပြီ၊ ဟင် ... ဒင်း အမူးပြေမှ အိမ်ပေါ်ကကို နှင်ချဦးမယ်"

ဟု ကြုံးဝါးလိုက်တယ်။

ဒီအချိန်မှာပဲ မြမောင်ဆီက တအင်းအင်းညည်းညူသံထွက်လာတယ်။

မီးတောက်အရက်ကို လူမှန်းမသိအောင် သောက်ထားတဲ့ အရှိန်ကြောင့် ...

"ရေ ... ရေတိုက်ပါ၊ ကျုပ်ရင်ထဲ မီးတောင်တွေ ပေါက်ကွဲနေပြီဗျ၊ ရေပေးကြပါ"

ရွာသားတစ်ယောက်က ရေကို အိုးလိုက်မ,ပြီး မြမောင်ရဲ့သား ချပေးလိုက်တယ်။

မြမောင်တစ်ယောက် ရေကို အငမ်းမရ ခပ်သောက်

www.burmeseclassic.com

www.burmeseclassic.com



လိုက်တယ်။

ယောက္ခမဖြစ်သူက သူ့ကို ဒေါသတကြီးကြည့်ရင်း–

"ဟဲ့ အရှုးကောင် ... နင် မူးရူးပြီး ဘာတွေ လျှောက်လုပ်ခဲ့လဲ ... ပြောစမ်း"

လို့ မေးလိုက်တယ်။

မြမောင်ဟာ ရင်ဘတ်ကို လက်နဲ့ ပွတ်သပ်ရင်း ...

"ကျုပ်က ဘာလုပ်ရမှာလဲဗျ၊ ဘာမှ လုပ် မထားဘူး"

ဟု ပြောလိုက်တယ်။

ဒေါ်အိုစာဟာ မနေ့အာရုံထဲပေါ်လာတဲ့ အသိတစ်ခု ကြောင့် ...

"မြမောင် ... နင် ကန်တော်ရှင်ကန်ကို ရောက်ခဲ့တယ် မဟုတ်လား"

လို့ မေးလိုက်တဲ့အခါ မြမောင်ဟာ ကြောင်ငေးရင်း–

"အင်း ... ရောက်ခဲ့တယ်၊ ကျုပ် အပေ့ါသွား ချင်လို့တောင် သွားခဲ့သေးတယ် ... ဘာဖြစ်လဲ"



လို့ ခပ်ပြတ်ပြတ် ပြန်ပြောလိုက်တယ်။

ဒီအခါမှာ ယောက္ခမဖြစ်သူရဲ့ မိုးကြိုးပစ်သလို အသံ ကြီး ဟိန်းထွက်လာပြီး ...

"အမယ်လေးနော် ... နတ်ကွန်းရှိတဲ့ကန်မှာ မှ သေပန်းရတယ်လို့၊ တကယ့်သူတော်ကောင်း နေရာကိုမှ အကြောက်အလန့်မရှိဘူး၊ ကန် တော်ရှင်မောင်နှမဟာ ... မ,ပြီဟဲ့ဆိုလည်း ငွေကို အထုပ်လိုက်ပေးတတ်တယ်၊ နတ်ကိုင် ခံရပြီဟဲ့ဆိုလည်း သေမတတ်ခံရတယ်၊ မိုး လင်းတာနဲ့ ကန်ကိုသွားပြီး နင်ကိုယ်တိုင် ပြန် တောင်းပန်စမ်း၊ ပြီးရင် ... နင့်အဝတ်ထုပ်ပါယူ ပြီး ငါ့အိမ်က ဆင်းပေတော့"

ယောက္ခမရဲ့အပြောကြောင့် မြမောင်တစ်ယောက် မျက် လုံးပြူးသွားပြီး ...

"ကျုပ်အိမ်ပေါ်က ဆင်းရင် အမေ့သမီး တစ်ခုလပ်ဖြစ်သွားမှာပေါ့ဗျ၊ ကန်ကိုသွားပြီး

www.burmeseclassic.com

www.burmeseclassic.com



တောင်းပန်ပေးမယ်၊ အိမ်ပေါ်ကတော့ မဆင်း

နိုင်ဘူး"

လို့ ပြောဆိုရင်း အိမ်ရှေ့ကွပ်ပျစ်ကို ထ,ထွက်သွားတယ်။

ဒီအခါမှာ ရွာသူရွာသားလူငယ်တစ်စုဟာ ဒေါ်အိုစာရဲ့ အနီးကို တိုးရွေ့ထိုင်လိုက်ရင်း ...

"ကျုပ်တို့မြို့က ကန်ကြီးဟာ နတ်ကြီး

တယ်လို့ ပြောကြတယ်၊ ကန်မှာလည်း နတ်

မောင်နှမရဲ့ရုပ်တုကြီးက ရှိနေတယ်၊ အဘွားသိ

ရင် အဲဒီအကြောင်းကို ပြောပြပေးပါ၊ ကျုပ်တို့

လူငယ်တွေအတွက် ဗဟုသုတ ရတာပေါ့ဗျာ"

လို့ ဝိုင်းဝန်းတောင်းဆိုကြတယ်။

ဒေါ်အိုစာက အမှောင်ထုကြီးစိုးနေတဲ့ ပတ်ဝန်းကျင်ကို ငေးမောကြည့်ကာ ...

"ရာဇဝင်သမိုင်းနောက်ကြောင်းတွေဆိုတာ

တစ်ချိန်က တကယ့်ကို ဖြစ်ပျက်ခဲ့တဲ့အရာတွေ



ပါပဲ၊ ဒီမြို့မှာနေပြီး ဒီမြို့နဲ့ပတ်သက်တဲ့ သမိုင်း

ကြောင်းတွေကို မသိဘူးဆိုတာ လူငယ်တွေအ

တွက် မဖြစ်သင့်ဘူးကွဲ့"

လို့ အစချီရင်း ဒဏ္ဍာရီဆန်တဲ့ ပုံဝတ္ထုလေးတစ်ပုဒ်ကို အစပျိုးလိုက်တော့တယ်။

□□□

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၂)

သရေခေတ္တရာပြည် ဒွတ္တဘောင်မင်းကြီး အုပ်ချုပ်ချိန်

ဒွတ္တဘောင်မင်းကြီးဟာ စိတ်စွမ်းအင်ဖြစ်တဲ့ နတ်မျက်စိရှိသူလည်း ဖြစ်တယ်။

အာရုံပြုလိုက်ရင် ဟိုးအဝေးမှာရှိတဲ့ အကြောင်းအရာတွေကို မြင်နိုင်စွမ်းရှိသူတစ်ယောက်လည်း ဖြစ်တယ်။

တစ်နေ့ ...

www.burmeseclassic.com

www.burmeseclassic.com



မင်းကြီးဟာ ဟိုအဝေးမှာရှိတဲ့ ရခိုင်ပြည်နယ်ဘက် လှမ်းပြီးအာရုံပြုမိတယ်။

ဒီအခါမှာ မင်းကြီးရဲ့မနောအာရုံထဲ အလွန်သပ္ပာယ်ဖွယ် အဆင်းရှိတဲ့ မြဘုရားတစ်ဆူ ပေါ်လာခဲ့တယ်။

မင်းကြီးဟာ စိတ်အာရုံမှာ ဖူးတွေ့လိုက်ရတဲ့ မြဘုရားကို ရယူပူဇော်လိုစိတ်တွေ ပြင်းပြလာမိတယ်။

အဲဒီအချိန်က ...

ရခိုင်ပြည်ကြီးကို ဦးစောကုမ္မာရ အမည်ရှိတဲ့ ဘုရင်ကြီး အုပ်ချုပ်နေချိန် ...

ဒွတ္တဘောင်မင်းကြီးဟာ မြဘုရားကို ရယူပူဇော်လိုစိတ် နဲ့ နေ့စဉ်ရက်ဆက် စက်တော်မခေါ်နိုင်အောင် ရှိနေတယ်။

ဒါ့ကြောင့် ...

တစ်နေ့မှာတော့ လက်ဆောင်ပဏ္ဏာတွေယူပြီး ရခိုင်ပြည် ဘက် ထွက်တော်မူခဲ့တယ်။

ရခိုင်ဘုရင်လည်း ဒွတ္တဘောင်မင်းကြီးကို မြင်တွေ့ရ အခါ ဝမ်းမြောက်ဝမ်းသာစွာပဲ ခရီးဦးကြိုပြုခဲ့တယ်။

ဒွတ္တဘောင်မင်းကြီးက စတင်ပြီး ...

"အဆွေတော်မင်းကြီး ... ကျုပ် လာရခြင်း အကြောင်းက သရေခေတ္တရာပြည်နဲ့ ရခိုင်ပြည် ကြီး နှစ်ပြည်ထောင် ချစ်ကြည်ရင်းနှီးရေးအ တွက်ပါပဲ"

လို့ ပြောလိုက်တဲ့အခါ ရခိုင်ဘုရင်က ဝမ်းသာလှိုက်လှဲ စွာနဲ့ ...

"ကျုပ်တို့ နှစ်ပြည်ထောင် ချစ်ကြည်ရေး အတွက် အဆွေမင်းကြီးကိုယ်တိုင် အရောက် လာခဲ့တော့ ကျုပ်ဖြင့် အတိုင်းမသိအောင် ဝမ်း မြောက်မိပါတယ်၊ ခရီးက ဝေးတော့ အဆွေ တော် သိပ်ပင်ပန်းခဲ့မှာပဲ၊ ကျုပ်ဖြင့် အားနာမိ ပါရဲ့"

လို့ ပြောလိုက်တဲ့အခါ ဒွတ္တဘောင်မင်းကြီးက လက် ခံပြောလိုက်ရင်း ...

"နှစ်ပြည်ထောင် ချစ်ကြည်ရေးအတွက်

www.burmeseclassic.com

www.burmeseclassic.com



ခရီးပန်းတာ အကြောင်းမဟုတ်ပါဘူး အဆွေ၊ ကျုပ်သိထားတာ ရှိတယ် ... အဆွေတို့ဆီမှာ အလွန်သပ္ပာယ်ဖွယ်အဆင်းရှိတဲ့ မြဘုရားတစ်ဆူ ရှိတယ်မဟုတ်လား"

လို့ မေးလိုက်တဲ့အခါ ရခိုင်ဘုရင်က ...

"ဟုတ်ပါတယ် အဆွေ၊ မြဘုရားဆင်းတုတော်ဟာ ကျုပ်တို့ အဆက်ဆက်ကိုးကွယ်ခဲ့တဲ့ ရှေးဟောင်းဘုရားတစ်ဆူလည်း ဖြစ်ပါတယ်၊ အဆွေမင်းကြီး ဖူးတွေ့ချင်တယ်ဆိုရင် ဖူးနိုင်ပါတယ်"

လို့ပြောပြီး မြဘုရားဆင်းတုတော်ကို ပင့်ဆောင်ပြ တယ်။

ဒွတ္တဘောင်မင်းကြီးဟာ သပ္ပာယ်ဖွယ်အဆင်းရှိတဲ့ မြဘုရားကို ဖူးမြော်ရင်း ရယူပိုင်ဆိုင်လိုစိတ်တွေ ပြင်းပြ တယ်။

ဒါ့ကြောင့် မြဘုရားဆင်းတုတော်ကို သရေခေတ္တ ပြည် ယူဆောင်ပူဇော်လိုကြောင်း ရခိုင်ဘုရင်ကို ပြောလိုက်မိ တယ်။

ဒွတ္တဘောင်မင်းကြီးရဲ့စကား ကြားရတဲ့အခါ ရခိုင် ဘုရင်ဟာ မျက်နှာအကြီးအကျယ် ပျက်သွားရင်း ...

"မြဘုရင်ဆင်းတုတော်ကို တိုင်းပြည်ယူပြီး ပူဇော်ဖို့ မဖြစ်နိုင်ပါဘူး အဆွေ၊ ဘာကြောင့်လဲဆိုတော့ မြဘုရားဟာ ကျုပ်တို့ ရခိုင်ပြည်ကြီးရဲ့ တစ်ခုတည်းသော ကိုးကွယ်ရာသာသနာ ဖြစ်နေလို့ပါပဲ၊ မြဘုရားကို အသင့် လှူလိုက်ရင် ကျုပ်တို့ပြည်ကြီးမှာ သာသနာတော် ကွယ်ပျောက်သွားနိုင်ပါတယ်၊ ကျုပ်တို့ ဘိုးစဉ်ဘောင်ဆက် ကိုးကွယ်ခဲ့တဲ့ တစ်ခုတည်းသော ရတနာဖြစ်နေလို့ပါ အဆွေ ... အဆွေ စိတ်မရှိပါနဲ့"

လို့ ညင်သာစွာ ငြင်းဆန်ခဲ့တယ်။

ဒီအခါမှာ ...

www.burmeseclassic.com

www.burmeseclassic.com



ဒွတ္တဘောင်မင်းကြီးလည်း မြဘုရားကို မပေးလှူ
စစ်ခင်း၍ အရယူမည်ဖြစ်ကြောင်း ခြိမ်းခြောက်စကား ပြော
ပြီး ပြန်ခဲ့တော့တယ်။

□□□

"ဒွတ္တဘောင်မင်းကြီး တကယ်ပဲ စစ်ခင်းမှာလား?"

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၃)

## ရခိုင်မင်းကြီး အခက်ကြုံပြီ . . . !

ဒွတ္တဘောင်မင်းကြီး ပြန်သွားချိန်မှာတော့ ရခိုင်ဘုရင်ကြီးဟာ မှူးမတ်တွေနဲ့ မြဘုရားအရေးကို ခေါင်းချင်းရိုက် ဆွေးနွေးခဲ့တယ်။

တက္ကသိုလ်တိုင်းပြည်ကြီးမှာ သွားရောက်ပညာသင်ကြားနေကြတဲ့ သားတော်ဦးစောဗျနဲ့ သမီးတော်မစောဥတို့ကို

www.burmeseclassic.com

www.burmeseclassic.com



လည်း ပြန်ခေါ်စေခဲ့တယ်။

မင်းကြီးဟာ နေ့စဉ်ရက်ဆက် ဒွတ္တဘောင်မင်း စစ်ချီမယ့်အရေး တွေးမိပြီး တဖြည်းဖြည်း ကျန်းမာရေး ဆုတ်ယုတ်လာတယ်။

မှူးမတ်တွေနဲ့ သားတော်သမီးတော်တို့က အမျိုးမျိုး ဖျောင်းဖျပြောဆိုပေမယ့် ရခိုင်ဘုရင်ကြီးဟာ အိပ်ရာထဲ ဗုန်းဗုန်းလဲခဲ့တယ်။

နန်းတော်တစ်ခုလုံး ဒွတ္တဘောင် စစ်ခင်းမည့်အရေး၊ ရခိုင်ဘုရင်ကြီး နာမကျန်းဖြစ်တဲ့အရေးတွေနဲ့ ရှုပ်ထွေးနေတော့တယ်။

တစ်နေ့မှာ သားတော် ဦးစောဗျုဟာ ဖခင်မင်းကြီးထံ ဝင်တွေ့ရင်း ...

"ဘာကြောင့် ကိုယ့်ကိုယ်ကိုယ် နှိပ်စက်နေသလဲ ခမည်းတော်၊ သားရေခေတ္တရာပြည့်ရှင်ဘက်က စစ်ခင်းတော့လည်း ဘာအရေးလဲ ... သားတော်ကို ပြန်ချရုံပေါ့"



လို့ ပြောတဲ့အခါ မင်းကြီးက ခေါင်းကို ခါယမ်းလိုက်ရင်း ...

"ဒွတ္တဘောင်စစ်ခင်းရင် ခမည်းတော်တို့ အရေးနိမ့်နိုင်တယ် သားတော်၊ ဒင်းက နတ်မျက်စိ ရထားသူတစ်ယောက်ဖြစ်သလို၊ စစ်ဓက်ရေးရာမှာလည်း ထက်မြက်တယ်၊ လက်နက်ဗိုလ်ပါတွေလည်း တောင့်တင်းတယ် သားတော်"

လို့ မျက်နှာမသာမယာနဲ့ ညည်းညူလိုက်မိတယ်။

ဒီအခါမှာ ဦးစောဗျုက လက်သီးကို ကျစ်နေအောင် ဆုပ်လိုက်ပြီး ...

"အိုဗျာ ... သူ့ဟာသူ ဘာကြီးပဲဖြစ်ဖြစ် တိုင်းပြည်ကို ကျူးကျော်လာရင်တော့ သားတော်ကိုယ်တိုင် ဦးဆောင်ပြီး ပြန်ချမှာပဲ ... ခမည်းတော် မစိုးရိမ်ပါနဲ့"

လို့ ကြုံးဝါးလိုက်တဲ့အခါ ရခိုင်ဘုရင်ကြီးဟာ သက်

www.burmeseclassic.com

www.burmeseclassic.com



ပြင်းအသာချမိရင်း ...

"ပြည်ထဲအရေးဆိုတာ ရှုပ်ထွေးလှတယ် သားတော်၊ ပြီးတော့ ... စစ်မက်ရေးမှာ သေနင်္ဂဗျူဟာ အမျိုးမျိုးရှိတယ်၊ စစ်ဆိုတာ ပရိယာယ်ကြွယ်လှပါတယ် သားတော် ...၊

သားတော်က တက္ကသိုလ်ပြည်ကြီးမှာပဲ အချိန်ကုန်ခဲ့တဲ့သူဆိုတော့ ခမည်းတော် ဘယ်လိုမှ စိတ်မချနိုင်ဘူး သားတော်၊ ကလောင်တံကိုင်တဲ့ သားတော်လက်က ရွှေဓားဝံ့နိုင်ပါ့မလား"

လို့ ပူပန်ဇောနဲ့ ပြောလိုက်မိတယ်။

ဦးဇောဇှပဟာ ဖခင်ရဲ့စကားကြောင့် မျက်နှာနီမြန်းသွားပြီး ...

"ခမည်းတော်က အထင်သေး ရှုတ်ချတာလား၊ သားတော်ကိုယ်တိုင် စစ်မက်အရေးကို နှဖူးတွေ့ ဒူးတွေ့ ရင်မဆိုင်ဖူးပေမယ့် ဓားရေး၊



လှံရေးတော့ ကျွမ်းကျင်ပါတယ် ခမည်းတော်၊ သားတော်ကို တိုက်ခိုက်ခွင့်သာပေးပါ၊ ရခိုင်သွေး ဘယ်လောက်နီလဲဆိုတာ ဒွတ္တဘောင်မင်း သိစေရမယ်"

လို့ လက်သီးလက်မောင်းတန်းပြီး ကြုံးဝါးလိုက်တဲ့အခါ ရခိုင်ဘုရင်ကြီးဟာ ခေါင်းကိုခါယမ်းလိုက်ရင်း ...

"သားတော် စိတ်အားထက်သန်နေမှတော့ ခမည်းတော် စဉ်းစားပေးပါ့မယ်၊ အင်း ... ဘာပဲဖြစ်ဖြစ် သားတော်ဟာ တိုင်းပြည်အရေးကို စိတ်ဝင်တစားရှိတာ တွေ့ရတော့ ခမည်းတော် ဝမ်းမြောက်မိပါတယ်"

လို့ ရေရွတ်လိုက်တယ်။

ဦးဇောဇှပဟာ ဖခင်ဆီက 'စဉ်းစားပေးပါ့မယ်' ဆိုတဲ့ စကားကြောင့် ကျေနပ်သွားပြီး ခမည်းတော်ကို နှုတ်ဆက်ပြန်ခဲ့တယ်။

အပြန်လမ်းမှာတော့ ...

www.burmeseclassic.com

www.burmeseclassic.com



ဦးစောဗျတစ်ယောက် စစ်သွေးကြွစွာနဲ့ လက်သီးကျစ်နေအောင် ဆုပ်ထားမိတယ်။

❒❒❒

**“ဦးစောဗျ စစ်ခင်းရင် နိုင်ပါ့မလား?”**

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၄)

## ရွာဆိုးမှေ့ပြီ!

မိုးလင်းလင်းချင်း . . . ကြားလိုက်ရတဲ့သတင်းကြောင့် စောဇျ သွေးပျက်သွားမိတယ်။

'မင်းကြီး ကံတော်ကုန်ပြီ' ... တဲ့။

မဖြစ်နိုင်ဘူး ... ဘယ်လိုမှ မဖြစ်နိုင်ဘူး။

ညဦးပိုင်းကတောင် သူနဲ့ စကားတွေအများကြီး ပြောနေ

www.burmeseclassic.com

www.burmeseclassic.com



သေးတာ။

ဦးစောဗျုတစ်ယောက် နားကို လက်နဲ့အုပ်ပြီး အရူးတစ်ယောက်လို အော်ဟစ်ပြေးလွှားနေမိတယ်။

ခမည်းတော်ရဲ့အိပ်ခန်းဆောင်ထဲ ရောက်စဉ်မှာတော့ သူ ဘယ်လိုမှ မယုံလို့မရတော့ဘူး။

သလွန်ပေါ်မှာ ငြိမ်သက်စွာ လဲလျောင်းနေတဲ့ ခမည်းတော် ...

ဦးစောဗျုနဲ့မစောဥတို့ မောင်နှမနှစ်ယောက် ခမည်းတော်ရဲ့ရုပ်ခန္ဓာကြီးကြည့်ပြီး သည်းထန်စွာ ငိုကြွေးမိကြတယ်။

ခမည်းတော်မရှိရင် သူနန်းတက်ရမှာ မှန်ပေမယ့် ခမည်းတော်မရှိတော့ဘူးဆိုတဲ့စိတ်က ဘယ်လိုမှ ဖြေလို့မရခဲ့ဘူး။

ဦးစောဗျုဟာ ငိုကြွေးနေရှာတဲ့ နှမစောဥကို ကြင်နာစွာ ထွေးဖက်လိုက်ရင်း ...

"ဘယ်လိုမှ ဖြေလို့မရဘူး ညီမတော်ရယ်၊

တို့ ခမည်းတော်ကို သတ်လိုက်တာ ဒွတ္တဘောင်ဘုရင်ပဲ၊ အစ်ကိုတော့်လက်နဲ့ ကိုယ်တိုင်

ဒင်းကို လက်စားချေရမှ ကျေနပ်မယ်"

လို့ ကြွေးကြော်လိုက်မိတယ်။

ညီမဖြစ်သူ မစောဥကတော့ အစ်ကို့ရင်ခွင်ထဲ ခေါင်းအပ်ပြီးသာ ငိုနေမိတယ်။

ပြည်ထဲရေးရာဆိုတာ သူမှ ဘာမှမသိဘဲလေ။

ဦးစောကုမ္မာရဲ့ ဈာပနတော် အခမ်းအနားပြီးစီးချိန်မှာတော့ သားတော်ဦးစောဗျုရဲ့ နန်းတက်ပွဲ ကျင်းပခဲ့တယ်။

ရခိုင်ပြည့်ရှင် ဦးစောဗျု ...။

ဦးစောဗျုတစ်ယောက် ဖခင်ရဲ့အရိုက်အရာ ဆက်ခံခဲ့ရပေမယ့် ပြည်တွင်းရေးရာအဖြာဖြာကို ဘာမှမသိခဲ့ဘူး။

ကိုယ်တိုင်က တက္ကသိုလ်ပြည်ကြီးမှာပဲ အချိန်ကုန်ခဲ့သူဆိုတော့ အရာခပ်သိမ်း မှူးကြီးမတ်ရာတွေရဲ့စကားသာ ခေါင်းညိတ်နေရရှာတယ်။

နန်းတွင်း မငြိမ်သက်မှုအမျိုးမျိုးကိုလည်း ရင်ဆိုင်ကြုံတွေ့ရပြန်တယ်။

www.burmeseclassic.com

www.burmeseclassic.com



အမတ်အချင်းချင်း သွေးထိုးကုန်းချောမှုတွေကိုလည်း ဖြေရှင်းနေရတယ်။

ရခိုင်ပြည့်ရှင် ဦးစောဗျတစ်ယောက် နန်းတွင်းရေးနဲ့ ခေါင်းမီးတောက်မတတ် ဖြစ်နေချိန်မှာပဲ တစ်ပူပေါ် နှစ်ပူဆင့် ရပြန်ပြီ။

ဒွတ္တဘောင်တပ်ကြီး အလုံးအရင်းနှင့် ချီတက်လာပြ … တဲ့။

ရခိုင်ပြည့်ရှင် ဦးစောဗျတစ်ယောက် ဒွတ္တဘောင်ဆိုတဲ့ အသံကြားတာနဲ့ ဒေါသသွေး ဆူပွက်လာတယ်။

ရခိုင်ပြည်ရဲ့ သာသနာတော် ပျက်ပြားအောင်လုပ်ခဲ့ ဒွတ္တဘောင်။

ဖခင်မင်းကြီးရဲ့ အသက်ဇီဝိန်ကို ခြွေခဲ့တဲ့ ဒွတ္တဘော

'မြေသလင်းမှာ စစ်ခင်းကြသေးတာပေါ့ ဒွတ္တဘော ရယ်' လို့ မေးကြောထောင်မတတ် ကြုံးဝါးလိုက်တဲ့ ရခိုင်ပြ ရှင် ဦးစောဗျ။

□□□

"ဒွတ္တဘောင်မင်းကြီး . . . လာရင် ဘာဖြစ်ကြမလဲ?"

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၅)

## စစ်ခင်းကြပြီ!

ဒွတ္တဘောင်မင်းကြီးဟာ မြဘုရားရရှိရေးအတွက် ရခိုင်ပြည်ကို စစ်ဆင်ပြီး ချီတက်ခဲ့တယ်။

ဒီရောက်တော့ ရခိုင်ဘုရင် ဦးစောကုမ္မာရ နတ်ရွာစံပြီး သားတော် ဦးစောဗျု နန်းတက်တာ သိခဲ့ရတယ်။

ဒါကြောင့် ရခိုင်ပြည့်ရှင် ဦးစောဗျုနဲ့တွေ့ပြီး မြဘုရားကို

www.burmeseclassic.com

www.burmeseclassic.com



ဒုတိယအကြိမ် အလှူခံဖို့ ကြိုးစားခဲ့တယ်။

ဦးစောဗျူဟာ ဒွတ္တဘောင်ကို မကျေပွဲနွဲချင်သူဆိုတော့

"ကျုပ် မြဘုရားကို လုံးဝမလှူနိုင်ဘူး၊ ဒါ ဟာ ဘိုးစဉ်ဘောင်ဆက် ကိုးကွယ်ခဲ့တဲ့ ဘုရား လည်းဖြစ်တယ်၊ ဘယ်နည်းနဲ့မှ မလှူနိုင်ပါ ဘူး"

လို့ ယတိပြတ် ငြင်းဆန်လိုက်တယ်။

ဒီအခါမှာ ဒွတ္တဘောင်မင်းကြီးဟာ ဒေါသအကြီးအ ကျယ် ထွက်သွားရင်း ...

"ကောင်းပြီလေ ... အလှူခံလို့မှ မပေးဘူး ဆိုတော့လည်း စစ်ထိုးရုံရှိတာပေါ့၊ ကျုပ် မြို့ ပြင်မှာ စောင့်နေမယ်၊ အဆွေတော်နဲ့ ကျုပ် စီးချင်းထိုးပြီး တရားသဖြင့် ယှဉ်ပြိုင်ကြတာ ပေါ့၊ ကျုပ်နိုင်ခဲ့ရင် မြဘုရားကို ပင့်ဆောင်သွား မယ်"

လို့ စစ်ခင်းစကားဆိုလိုက်တဲ့အခါ ...

ရခိုင်ပြည့်ရှင် ဦးစောဗျူက ...

"အဆွေတော် ရှုံးခဲ့ရင်တော့ ကျုပ်က အဆွေ တော့်လည်ချောင်းသွေးနဲ့ ခြေဆေးမှာနော်"

လို့ မျက်မှောင်ကြုတ် ပြောလိုက်တော့တယ်။

ဒွတ္တဘောင်မင်းနဲ့ ဦးစောဗျူဘုရင်တို့ရဲ့အခြေအနေက ပိုပြီး တင်းမာသွားကြတယ်။

နောက်တစ်နေ့ အရုဏ်တက်ချိန်မှာတော့ ဒွတ္တဘောင် မင်းဟာ အခြံအရံတပ်သားတွေနဲ့အတူ မြို့ပြင်မှာ အသင့်စောင့် ကြိုနေတယ်။

ရခိုင်ဘုရင် ဦးစောဗျူလည်း အစောင့်အကြပ်တပ်သား တွေချီပြီး မြို့ပြင်ကို ထွက်ရှိလာတယ်။

နှမတော် မစောဥဟာ အစ်ကိုဘုရင်ကြီးအတွက် ရတက် မအေးနိုင်ဘဲ အတူလိုက်ပါခဲ့တယ်။

ဘုရင်နှစ်ပါး မြို့ပြင်မှာ မျက်နှာချင်းဆိုင်မိချိန်မှာတော့ ရခိုင်ဘုရင်ဘက်ကစပြီး စီးချင်းထိုးတယ်။

အတွေ့အကြုံရှိသူဖြစ်တဲ့ ဒွတ္တဘောင်မင်းဟာ ဦးစောဗျူ

www.burmeseclassic.com

www.burmeseclassic.com



ရဲ့ လက်ရည်ကိုကြည့်ပြီး ...

"ပညာသိပ်နုသေးတယ်၊ ဒီလိုမင်းနဲ့ ယှဉ်ပြိုင်မိတာ ငါ့ မတရားရာကျတယ်"

လို့ ရေရွတ်လိုက်မိတယ်။

ဒီစကားကို ဦးစောဖျမင်း ကြားတဲ့အခါ အကြီးအကျယ် ဒေါသပုန်ထသွားပြီး မုန်ယိုနေတဲ့ ဆင်ရိုင်းလို အပြင်းအထန် တိုက်ခိုက်တော့တယ်။

နမတော် မစောဥကတော့ အစ်ကိုတော်နဲ့ ဒွတ္တဘောင်မင်းကြီးရဲ့ စီးချင်းထိုးပွဲကိုကြည့်ရင်း ရင်ဘတ်ဖိ ဘုရားတ, နေရှာတယ်။

ရခိုင်ဘုရင် ဦးစောဖျုဟာ ငယ်ရွယ်သူဖြစ်ပြီး အတွေ့ အကြုံနည်းပါတာကြောင့် အဆုံးမှာ ဒွတ္တဘောင်ကို မယှဉ်နိုင်ဘဲ ကျဆုံးသွားရှာတယ်။

သူတို့ဘုရင် ကျဆုံးတာမြင်တဲ့အခါ ရခိုင်တပ်သားတွေဟာ ဒွတ္တဘောင်တပ်ကို ဝင်ရောက်တိုက်ခိုက်ကြတယ်။

မစောဥလည်း အစ်ကိုတော်ကိုကြည့်ပြီး ယူကျုံးမရစိတ် နဲ့ ဦးရာစားဆွဲပြီး တိုက်ပွဲမှာ ဝင်နွှဲခဲ့တယ်။



အဆုံးမှာတော့ ရခိုင်တပ်သားတွေ အရေးနိမ့်ပြီး တပ်သားတွေနဲ့အတူ မစောဥပါ ကျဆုံးခဲ့ရရှာတယ်။

ဒီအခါမှာ ဒွတ္တဘောင်မင်းကြီးဟာ မြဘုရားကို ပင့်ဆောင်ပြီး သရေခေတ္တရာပြည် ပြန်လည်ကြွချီခဲ့တယ်။

တိုင်းသူပြည်သားတွေဟာ စစ်မြေပြင်မှာ ကျဆုံးခဲ့ရတဲ့ ရခိုင်ဘုရင် ဦးစောဖျု, မစောဥနဲ့ တပ်သားတွေကို စစ်မြေပြင်မှာ သေဆုံးခဲ့ခြင်းကြောင့် မကျွတ်လွတ်တဲ့ဘဝရောက်နေကြပြီလို့ ထင်မှတ်ကုန်ကြတယ်။

နမတော်မစောဥဟာ နတ်ဘီလူးဘဝရောက်ရှိချိန်က စပြီး ယောကျ်ားတွေကို နာတဲ့စိတ်နဲ့ ယောကျ်ားမှန်သမျှ ဖမ်းစားတယ်လို့ သူတို့ယူဆကြတယ်။

မူယာပင် (ခရေပင်) အုပ်မှာ မစောဥဟာ ယောကျ်ားတွေမြင်ရင် မာယာနဲ့ ဖြားယောင်းပြီးခေါ်သွားလေ့ရှိတယ်ဆိုတဲ့ သတင်းက တစ်မြို့လုံး အုန်းအုန်းကျွက်ကျွက် ဖြစ်သွားတယ်။

❒ ❒ ❒

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၆)

ဦးသာတင်းဟာ သရေခေတ္တရာပြည့်ရှင် ဒွတ္တဘောင်မင်းရဲ့ ရွှေနန်းတော်ကို ပေါက်ကြားသွားတယ်။

ဒါကြောင့် မင်းကြီးက ...

"ညဥ့်အချိန် ယောကျ်ားများ လမ်းပေါ်မထွက်ရ၊ အကြောင်းရှိ၍ ထွက်မည်ဆိုပါက

www.burmeseclassic.com

www.burmeseclassic.com



အများသိစေရန် စည်တီး၍ ထွက်ရမည်”

လို့ အမိန့်ထုတ်ပြန်ခဲ့ပြီး စည်ကြီးတစ်လုံးကို ချိတ်ဆွဲစေတယ်။

(ဒွတ္တဘောင်မင်း စည်ဆွဲပေးရာအရပ်ကို ‘စည်ကြီးဆွဲရပ်’ လို့ ခေါ်ကြတယ်။)

မင်းကြီးထုတ်ပြန်လိုက်တဲ့ အမိန့်ကြောင့် ယောကျ်ားမှန်သမျှ လမ်းပေါ်မထွက်ဝံ့တော့ဘူး။

မစောဥတို့မောင်နှမဟာ စစ်ပွဲမှာ ဒွတ္တဘောင်ကို မကျေနပ်စိတ်နဲ့ စွဲပြီး သေခဲ့ရသူကိုး။

ဒါကြောင့် သရေခေတ္တရာ ပြည်သူပြည်သားတွေဟာ မစောဥတို့မောင်နှမကို အကြီးအကျယ် ထိတ်လန့်တုန်လှုပ်ခဲ့ကြတယ်။

တိုင်းသူပြည်သားတွေ အသုံးပြုတဲ့ ရေကန်တစ်ခုရဲ့ရေတွေဟာ မီးလိုပူပြင်းလွန်းလှတယ်။

အဲဒီကန်က ရေကို ခပ်ယူချိုးမိတဲ့လူတွေဟာ တစ်ကိုယ်လုံး မီးလောင်ဖုကြီးတွေ ထလာသတဲ့။



နောက်ဆုံးမှာတော့ မီးလောင်ဖုတွေဟာ တဖြည်းဖြည်းကြီးလာပြီး အသက်သေဆုံးတဲ့အထိ ဖြစ်လာတယ်။

မီးလောင်ဖုထပြီး ပြည်သူပြည်သားတွေ သေကျေတဲ့သတင်းက ဒွတ္တဘောင်မင်းကြီးနား ပေါက်ကြားသွားပြန်တယ်။

ဒီအခါမှာ မင်းကြီးဟာ တိုင်းသူပြည်သားတွေအတွက် ရေကန်တစ်ခုကို အသစ်ဆယ်စေတယ်။

အဲဒီကန်ဆယ်တဲ့ နေရာကိုလည်း ရေပူကန်က ရေတွေစိမ့်ဝင်လာပြန်တယ်။

ဒီအကြောင်းကို မင်းကြီးသိတဲ့အခါ ကန်ဆည်ရှာအရပ်ကို ပုဏ္ဏားဖြူတွေ စေလွှတ်ပြီး ကြည့်ရှုခိုင်းတယ်။

ပုဏ္ဏားဖြူတွေဟာ ကန်ဆည်ရာသွားပြီး တွက်ချက်ကြည့်ကြတယ်။

ပြီးတဲ့အခါမှာတော့ ဘုရင်ကြီးကို ပြန်ပြီး လျှောက်တင်ကြပြန်တယ်။

“မှန်လှပါ ဘုရား ... အခု ကျရောက်နေတဲ့ ဘေးအန္တရာယ်က နတ်မောင်နှမရဲ့လုပ်ရပ်

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ဖြစ်ပါတယ်၊ ဒါကြောင့် နတ်မောင်နှမ ကို အမိန့်ပြန်ခေါ်ဆိုပြီး ဘာကြောင့်နှောင့်ယှက် နေသလဲဆိုတာ မေးမြန်းသင့်ကြောင်းပါဘုရား”

ပုဏ္ဏားညီုတို့ရဲ့ လျှောက်တင်ချက်ကို မင်းကြီး ကြားသိတဲ့အခါ အံ့ဩတကြီးဖြစ်သွားတယ်။

ပုဏ္ဏားတို့ အကြံပေးချက်အတိုင်း ကန်ဆယ်မယ့်ထောင့်လေးထောင့်မှာ ကနားပေးတယ်။

အသားစိမ်းတွေ ချိတ်ဆွဲစေတယ်။

ပြီးတော့ ... ဒွတ္တဘောင်မင်းကိုယ်တိုင် နတ်မောင်နှမကို အမိန့်ပြန်ခေါ်ဆိုတယ်။

ဒီအခါမှာ နတ်မောင်နှမဖြစ်ကြတဲ့ ဦးစောဗျူနဲ့မစောဥတို့က မင်းကြီးကို အိပ်မက်ပေးတယ်။

ဒွတ္တဘောင်မင်းကြီးဟာ နတ်မောင်နှမကိုမြင်တဲ့အခါ—

“အသင်တို့ ဘယ်အကြောင်းကြောင့် သရေခေတ္တရာ ပြည်သူပြည်သားတွေကို အနှောင့်အယှက်ပြုနေရသလဲ”



လို့ မေးလိုက်တယ်။

ဒီအခါမှာ နတ်မောင်နှမဟာ ဒွတ္တဘောင်ကို နာကြည်းခန်းတီးစွာ ကြည့်လိုက်ပြီး ...

“အသင် ... ကျုပ်တို့ တိုင်းပြည်က မြဘုရားကို အရယူခဲ့တယ်၊ အသင့်ကြောင့် ကျုပ်တို့ ခမည်းတော် ကံတော်ကုန်ခဲ့သလို ကျုပ်တို့ မောင်နှမလည်း နတ်စိမ်းဘဝကို ရောက်ခဲ့ရတယ်၊ ဒါတွေကို မကျေနပ်လို့ ကျုပ်တို့ နှောင့်တာ ဘာဖြစ်သလဲ”

လို့ ပြောကြတဲ့အခါ ဒွတ္တဘောင်မင်းကြီးဟာ ဦးခေါင်းကို ခါယမ်းလိုက်မိတယ်။

“ဟုတ်ပါတယ်၊ အသင်တို့အပေါ်မှာ ကျုပ် အမှားတွေ ပြုမိခဲ့တယ်၊ ဒါပေမဲ့ ... ဒီအကြောင်းတွေဟာ ပြီးခဲ့ပါပြီ၊ အသင်တို့မောင်နှမကို ကျုပ် တောင်းပန်ပါတယ်၊ ပြည်သူတွေကို ဆက်ပြီး အနှောင့်အယှက်မပြုပါနဲ့၊ ဟောဒီကန် ဆယ်

www.burmeseclassic.com

ပြီးရင် အသင်တို့ကို အပိုင်စားပေးပါ့မယ်"

ဗုဒ္ဓဘောင်ရဲ့စကားကြောင့် နတ်ဘီလူးမောင်နှမက –

"ကောင်းပါပြီ၊ ကျုပ်တို့ အသင့်ရဲ့တောင်းဆိုချက်ကို လက်ခံပါတယ်၊ ဒါပေမဲ့ ... ကန်ဆယ်မယ့်အရေးက မလွယ်လှဘူး၊ သံခမောက်ဆောင်းထားတဲ့ လူလေးဦးကို စတေးမှ ဖြစ်လိမ့်မယ်"

နတ်ဘီလူးမောင်နှမရဲ့စကားကြောင့် ဗုဒ္ဓဘောင်မင်းကြီး တုန်လှုပ်ချောက်ချားမိတော့တယ်။

သံခမောက်ဆောင်းတဲ့ လူလေးယောက်ကို ဘယ်မှာ ရှာရပါ့။

❒❒❒

"ဘယ်သူတွေ စတေးခံရမှာလဲ?"

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၇)

အိပ်မက်ကြောင့် ကွပ်မျက်ခံရသူ . . .

## တိတ်ဆိတ်တဲ့သူ

တောနက်ကြီး တစ်နေရာမှာ လူတစ်ယောက် မောပန်းကြီးစွာ ပြေးနေရတယ်။

သူ့နောက်မှာတော့ တောခွေးအုပ်ကြီး တစ်ရှိန်ထိုးပြေးလိုက်လာတယ်။

www.burmeseclassic.com

www.burmeseclassic.com



သူ နောက်လှည့်ကြည့်ရင်း အသက်လုပြေးနေရတယ်၊

ဒီအချိန်မှာပဲ သစ်ငုတ်တစ်ခုကို တိုက်မိပြီး မှောက်လျ ထိုး လဲကျသွားတယ်။

ခွေးအုပ်ကြီးက သူ့အပေါ်ခုန်အုပ်လိုက်ပြီး သူ့ရဲ့အသာ တွေကို ဝိုင်းဆွဲနေကြတယ်။

သူ့ရဲ့ သံကုန်အော်ဟစ်သံကြီးက တစ်တောလုံး ဖုံးအုပ် သွားတယ်။

"အား"

မြို့စား ဦးဖြူတစ်ယောက် 'ဝုန်းခနဲ' ထထိုင်လိုက် တယ်။

သူ့တစ်ကိုယ်လုံး ချွေးတဒီးဒီးကျနေတယ်။

"ငါ ... ငါ အိပ်မက် မက်နေတာပဲ၊ တော်ပါ သေးရဲ့ ... အိပ်မက်ထဲမှာ ငါ့ကို ခွေးအုပ်ကြီး ဝိုင်းဆွဲတာ ငါ့တစ်ကိုယ်လုံး သွေးအလိမ်းလိမ်း နဲ့၊ ဘုရား ... ဘုရား ... ဒီအိပ်မက်မျိုး ငါ တစ်ခါမှ မမက်ဖူးဘူး၊ ဒါဟာ ကြမ္မာဆိုးတစ်ခု နဲ့ ကြုံရမှာမို့ နိမိတ်ပြနေတာလား၊ ဒါလည်း မဖြစ်နိုင်ဘူး၊ ဒီအချိန်မှာ ငါ့လောက်ကံကောင်း တဲ့လူ မရှိနိုင်ဘူး၊ ငါဟာ မင်းကြီးအိပ်မက်ထဲ က ဘုရားကို ရှာဖွေပေးနိုင်တဲ့လူပဲ၊ ဒီအတွက် မင်းကြီးကလည်း ငါ့ကို ဆုလာဘ်တွေ ချီးမြှင့်ခဲ့ တယ်၊ ဒါ ... ဒါပေမဲ့ ... ဟိုလူတွေ ... ငါ့ကို အမြဲပြိုင်နေတဲ့ မြို့စားသုံးယောက် ... ဒင်းတို့ ငါ့ကို အန္တရာယ်ပြုနိုင်တယ်၊ ဟုတ်တယ် ... ဖြစ်နိုင်တယ်၊ ဒီအချိန်ကစပြီး ငါ အနေအထိုင် ဆင်ခြင်ရမယ်"

မြို့စားဦးဖြူဟာ တစ်ကိုယ်တည်း တွေးတောရင်း အိပ် မက်ထဲမှာ ပြေးလွှားခဲ့တဲ့အရှိန်နဲ့ မောဟိုက်နေမိတယ်။

ဒီအချိန်မှာပဲ မြို့စား ဦးဖြူရဲ့အခန်းထဲကို သားသမီး တွေဖြစ်ကြတဲ့ ပန်းမွှေးနဲ့ မိမိလေးတို့ အပြေးတစ်ပိုင်းရောက်လာ ကြတယ်။

"အဖေ ... အဖေ ဘာဖြစ်တာလဲ"

www.burmeseclassic.com

www.burmeseclassic.com



သားနဲ့သမီးက စိုးရိမ်တကြီး ဝိုင်းမေးကြတယ်။

"ဘာမှမဖြစ်ပါဘူးကွယ်၊ အဖေ အိပ်မက်ဆိုးမက်ပြီး လန့်သွားတာပါ၊ သားတို့ ပြန်အိပ်ချေ"

ဖခင်ရဲ့စကားကြောင့် မိမိလေးက ရင်ဘတ်ဖိမိရင်း —

"အမယ်လေး အဖေရယ် ... ကျုပ်ဖြင့် ရင်ထဲ ထိတ်သွားတာပဲ၊ တော်သေးတာပေါ့ ... အိပ်မက်,မက်တာဖြစ်လို့"

လို့ ပြောလိုက်တဲ့အခါ အစ်ကိုဖြစ်သူပန်းမွှေးက မျက်မှောင်ကြုတ်သွားပြီး ...

"တို့အဖေက တရားသမား လူသူတော်ကောင်းကြီး၊ အိပ်မက်ဆိုးမက်တယ်ဆိုတော့ အဖေ ညက ဘုရားမရှိခိုးဘဲ အိပ်ပျော်သွားတယ်ထင်တယ်"

လို့ ဝင်ပြောလိုက်ပြန်တယ်။

"သြော် သားရယ် ... အဖေဟာ လူမှန်းသိစ

အရွယ်ကတည်းက သီလဘာဝနာ ဆောက်တည်ခဲ့တဲ့ လူတစ်ယောက်ပါကွယ်၊ ဘုရားဦးမချဘဲ အိပ်တဲ့ညဆိုတာ အဖေ့မှာ မရှိပါဘူး၊ အင်း ... အိပ်မက်ထဲမှာ ခွေးအုပ်ကြီး အဖေ့ကို ဝိုင်းဆွဲတာခံရတယ်၊ နိမိတ်မကောင်းဘူး ငါ့သား၊ အဖေတို့ ကြမ္မာဆိုး တွေ့နိုင်တယ်"

ဦးဖြူရဲ့စကားကြောင့် မောင်ပန်းမွှေးဟာ တအံ့တသြဖြစ်သွားမိပြီး ...

"ရှင်ဘုရင်ရဲ့ မြှောက်စားခြင်းခံရတဲ့ အဖေ့လို မြို့စားကြီးက ကံဆိုးနိုင်ပါ့မလား"

လို့ မေးလိုက်တဲ့အခါ ဦးဖြူဟာ သက်ပြင်းချမိရင်း...

"မင်းခစားဆိုတာ ကမ်းနားသစ်ပင်ပါပဲ သားတို့ရယ်၊ အချိန်မရွေး ပြိုလဲခြင်း ခံရနိုင်တယ်၊ တကယ်လို့များ အဖေ အကြောင်းတစ်စုံတစ်ရာကြုံခဲ့ရင် သားနဲ့သမီးတို့ ဒီအရပ်ကအမြန်ထွက်သွားကြပေတော့၊ အဖေ့မိတ်ဆွေ

www.burmeseclassic.com

www.burmeseclassic.com



ရှမ်းကြီးဆီသွားပြီး အကူအညီတောင်းကြပါ”

လို့ မျက်နှာမသာမယာနဲ့ ပြောလိုက်တဲ့အခါ မိမိလေးက ...

“အို ... အဖေကလည်း ဘာတွေပြောနေတာလဲ၊ အိပ်မက်ဆိုတာ မက်ပြီးရင် ပြီးသွားတာပဲ၊ သွေးလေချောက်ချားတာပါ အဖေရယ်၊ အာရုံတက်ချိန် ... တရော်ကင်ပွန်းနဲ့ ခေါင်းဆေးပြီး ပရိတ်တော်ရွတ်ဖတ်လိုက်ရင် အိပ်မက်ဆိုးက လွတ်တယ် အဖေရဲ့”

လို့ ဖခင်ဖြစ်သူ စိတ်သက်သာရဖို့ ဝင်ပြောလိုက်တယ်။

မြို့စားဦးဖြူတစ်ယောက် လိမ္မာရေးခြားရှိပြီး ဖခင်အပေါ် အလိုက်သိတတ်လွန်းတဲ့ သားနဲ့သမီးကိုကြည့်ပြီး ပီတိဖြာမိတယ်။

□□□

“မြို့စားကြီး ဘာဖြစ်နိုင်လဲ?”

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၈)

## ညီလာခံသဘင်

မြို့စားသုံးဦးရဲ့ အသီးသီးလျှောက်တင်ချက်ကြောင့် မင်းကြီးဟာ မျက်နှာတော် တင်းမာသွားတယ်။

မြို့စားဦးဖြူဟာ ထီးနန်းကိုလုဖို့ လူသူစုဆောင်းနေသတဲ့။

မင်းကြီးဟာ မြို့စားတွေရဲ့စကားကြောင့် မေးကြော

www.burmeseclassic.com

www.burmeseclassic.com



ထောင်မတတ် အံကြိတ်လိုက်ရင်း ...

"မောင်မင်းတို့စကားအရဆိုရင်တော့ မြို့စားဦးဖြူကို လွှတ်ထားလို့မရတော့ဘူး၊ ဒီတော့ ... ဘုရင်ကို ပုန်ကန်ချင်တဲ့ ငဖြူ ငမိုက်သားကို တောင်စွယ်မှာ နေကွယ်တာနဲ့ ကွပ်မျက်စေ"

လို့ ရာဇသံပေးလိုက်တယ်။

နေ့ခင်းချိန်မှာတော့ ဘုရင့်ရဲမက်စစ်သည်တွေဟာ မြို့စားဦးဖြူရဲ့အိမ်ကို ဝိုင်းရံလိုက်ကြတယ်။

ဦးဖြူကိုလည်း လက်ပြန်ကြိုးတုပ်ပြီး မြင်းနောက်မှာ တရွတ်တိုက် ဖမ်းဆီးခေါ်ဆောင်သွားကြပြန်တယ်။

ဦးဖြူဟာ မြင်းနောက်မှာ တရွတ်ဆွဲပါလာရင်း ဘုရားကိုသာ အာရုံပြုနေမိတယ်။

အကြောင်းအကျိုး မသိရပါဘဲ ဦးဖြူတစ်ယောက် ရဲမက်တွေရဲ့ဖမ်းဆီးခြင်း ခံလိုက်ရတယ်။

ဦးဖြူရင်ထဲမှာတော့ အပူလုံးကြီး လိမ့်တက်လာတယ်။

မောင်ပန်းမွှေး၊ မိမိလေးတို့ရဲ့ကံကြမ္မာ ...



ဒီအချိန်မှာပဲ မောင်ပန်းမွှေးနဲ့ မိမိလေးတို့ ပန်းကောက်ရာက ပြန်လာကြတယ်။

ဟင်းလင်းပွင့်နေတဲ့ အိမ်တံခါးကြီးကိုကြည့်ပြီး မောင်နှမနှစ်ယောက်ရင်ထဲ ထိတ်ခနဲ ဖြစ်မိသွားတယ်။

အိမ်ပေါ်ရောက်တော့ မြင်ရတဲ့မြင်ကွင်းကြောင့် သူတို့လက်က ပန်းတောင်းလေး လွှတ်ကျသွားရှာတယ်။

တစ်အိမ်လုံး ဖရိုဖရဲဖြစ်ပြီး မွစာကြဲနေတာ။

မောင်နှမနှစ်ယောက် အရူးပမာ ဖခင်ကို လိုက်ရှာကြတယ်။

တစ်အိမ်လုံး နှံ့နေပြီ။ ဖခင်ရဲ့အရိပ်တောင် မမြင်ရဘူး။

မောင်နှမနှစ်ယောက် ဆောက်တည်ရာမဲ့သွားပြီး အိမ်အောက်ပြေးဆင်းလာမိတယ်။

ဒီအချိန်မှာပဲ အိမ်နီးချင်းတစ်ယောက် ရောက်လာပြီး သူတို့ကို ကမန်းကတန်း ဆွဲခေါ်သွားတယ်။

အိမ်နီးချင်းရဲ့ပြောစကားအရ ဖခင်ကို ရဲမက်တွေ ဖမ်းဆီးသွားပြီတဲ့။

www.burmeseclassic.com

www.burmeseclassic.com



ကြားရတဲ့သတင်းဆိုးကြောင့် မောင်နှမနှစ်ယောက်ဟာ ခေါင်းတည့်တည့်မိုးကြိုးပစ်ချခံရသလို ဖြစ်သွားကြတယ်။

ဖခင်အတွက် ကြေကွဲဝမ်းနည်းစိတ်ကြောင့် နှစ်ယောက်သား ဖက်ငိုမိကြတယ်။

ဒီအခါမှာ ...

သတင်းပေးတဲ့ အိမ်နီးချင်းကပဲ သူတို့ကို ဒီနေရာက အမြန်ထွက်ခွာဖို့ ပြောပြန်တယ်။

ကြေကွဲမှု၊ အားငယ်စိုးရွံ့မှုတွေက မောင်နှမနှစ်ယောက်ရဲ့ရင်ထဲ ပြည့်လျှံနေတယ်။

ကြေကွဲမျက်ရည်တွေနဲ့အတူ မောင်ပန်းမွှေးတစ်ယောက် နှမရဲ့လက်ကိုဆွဲပြီး ထွက်ပြေးခဲ့တယ်။

သူတို့ရဲ့ဦးတည်ရာက ဒီအရပ်နဲ့ ဝေးတဲ့နေရာမှာရှိတဲ့ ဖခင်ရဲ့မိတ်ဆွေရှမ်းကြီးရှိရာ ...။

မြို့စားဦးဖြူရဲ့မိတ်ဆွေ ရှမ်းလူမျိုးကြီးကတော့ သူ့အရပ်မှာ အားလုံး ဖိမ့်ဖိမ့်တုန်အောင်ကြောက်ရတဲ့ သူကြီးတစ်ယောက်။



မောင်ပန်းမွှေးတို့မောင်နှမလည်း ရှမ်းသူကြီးဆီရောက်တော့ အကြောင်းစုံရှင်းပြပြီး ခိုလှုံခွင့်တောင်းတယ်။

ရှမ်းသူကြီးဟာ မြို့စားဦးဖြူရဲ့အကြောင်း ကြားသိတဲ့အခါ စိတ်မကောင်းကြီးစွာဖြစ်သွားရင်း ...

"ဒီလိုကံကြမ္မာမျိုး မြို့စားကြီး ကြုံရမယ်လို့ ကျုပ် လုံးဝထင်မထားဘူး၊ မြို့စားကြီးရဲ့ သတင်းကြားရတာ စိတ်မကောင်းကြီးစွာ ဖြစ်ရပါတယ် ...၊

မြို့စားကြီးရဲ့ ကျေးဇူးကြောင့်ပဲ ကျုပ်ဟာ သူကြီးနေရာ ရရှိခဲ့တာပါ၊ မြို့စားကြီးဟာ ကျုပ်ရဲ့ကျေးဇူးရှင်ပါပဲ၊ ဒါကြောင့် လူလေးတို့ ကျုပ်အိမ်မှာပဲ စိတ်အေးချမ်းသာစွာ နေကြပါ၊ ကျေးဇူးရှင်ရဲ့ သွေးသားကို ကျုပ် သွေးသားလို သဘောထားပြီး သေတဲ့ချိန်ထိ စောင့်ရှောက်သွားပါ့မယ်"

လို့ ကတိစကားပြုလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



မောင်ပန်းမွှေးနဲ့ မိမိလေးတို့လည်း ရှမ်းသူကြီးအိမ်မှာပဲ ခိုလှုံခဲ့ကြတယ်။

❒❒❒

"မောင်နှမနှစ်ယောက် ဘာဆက်ဖြစ်ကြမလဲ?"

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၉)

## င်ပန်းမွေး၊ မိမိလေး စတေးခံရခြင်း

**တစ်နေ့မှာ** မောင်ပန်းမွေး၊ မိမိလေးဆီကို အထိန်း
ာ်ကြီး ရောက်လာခဲ့တယ်။

"မြို့စားကြီးရဲ့ရုပ်ကလပ်ကို ဂူသွင်းထားပါ
တယ်၊ စကားတောင်ဘုရား အနီးမှာပါ၊ သခင်
လေးတို့ ဆန္ဒရှိရင် သွားရောက်ကန်တော့လို့

www.burmeseclassic.com

www.burmeseclassic.com



ရပါတယ်၊ တစ်ခုတော့ရှိတယ် … ရုပ်ဖျက်သွား
မှ ရလိမ့်မယ်”

အထိန်းတော်ကြီးရဲ့စကားကြောင့် မောင်နှမနှစ်ယောက်
မျက်လုံးတွေ အရောင်တောက်သွားတယ်။

သူတို့ရင်ထဲမှာ ဖခင်ရဲ့အုတ်ဂူကို သွားရောက်ကန်တော့ချင်
လိုစိတ်တွေ ပြင်းပြသွားတယ်။

“တော်သေးတာပေါ့ အထိန်းတော်ကြီးရယ်
… ကျုပ်တို့မှာ အဖေ့ကို လွမ်းဆွတ်တိုင်း ကြည့်
စရာရှိသေးတာပေါ့၊ ဘယ်နည်းနဲ့ဖြစ်ဖြစ် ကျုပ်
တို့သွားမယ်”

မောင်ပန်းမွှေးရဲ့စကားကြောင့် နှမဖြစ်သူက …

“ညီမလေးတို့ ဘယ်လိုရုပ်ဖျက်သွားကြ
မလဲ”

လို့ မေးလိုက်တဲ့အခါ မောင်ပန်းမွှေးက ခဏမျှ စဉ်းစား
လိုက်ပြီး …

“တို့မောင်နှမနှစ်ယောက် ဆင်းရဲသားပုံ ရုပ်
ဖျက်သွားမယ်၊ လမ်းခရီးက နေသိပ်ပြင်းတယ်
ညီမလေး၊ ဒီအတိုင်း ရုပ်ဖျက်ရုံနဲ့မရဘူး၊ ဒါ
ကြောင့် ဒယ်အိုးရွက်ပြီး အကြော်သည်လို ရုပ်
ဖျက်သွားကြမယ်”

လို့ ပြောလိုက်တယ်။

မောင်ပန်းမွှေးနဲ့ မိမိလေးရဲ့စိတ်ထဲမှာတော့ ရုပ်ဖျက်ပြီး
စွန့်စားသွားရမယ့်အရေး တွေးပြီး ရင်လေးနေမိတယ်။

နောက်တစ်နေ့ ဝေလီဝေလင်းချိန်မှာတော့ မောင်နှမနှစ်
ယောက် ဒယ်အိုးကိုယ်စီပိုက်ပြီး ထွက်ခဲ့တယ်။

အသွားခရီးလမ်းက ဖြောင့်ဖြူးနေတယ်။

မောင်နှမနှစ်ယောက် ဘေးမသီရန်မခဘဲ ဖခင်ရဲ့အုတ်ဂူ
ကို ရောက်သွားကြတယ်။

ကန်တော့ပြီးချိန်မှာတော့ နေက ခြစ်ခြစ်တောက် ပူလာ
တယ်။

ဒါကြောင့် အပြန်လမ်းမှာ မောင်နှမနှစ်ယောက်ဟာ
ဒယ်အိုးတွေကို ခေါင်းပေါ်ရွက်ပြီး ပြန်ခဲ့ကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒယ်အိုး ခေါင်းပေါ်ရွက်လာတဲ့ မောင်နှမနှစ်ယောက်ကို အဘေးတကြည့်ရင် သံခမောက်ဆောင်းထားသလို ဖြစ်နေတယ်။

လမ်းခုလတ်တစ်နေရာရောက်တော့ သူတို့က မိုးပြဒယ်ဝယ်ပြီး ပြန်လာသူနှစ်ဦးနဲ့ ဆုံစည်းမိတယ်။

ဒီအချိန်မှာပဲ ကန်ဆယ်ဖို့ သံခမောက်ဆောင်းသူ လိုက်လံရှာဖွေနေတဲ့ ရဲမက်တွေဟာ သူတို့ကိုမြင်တွေ့သွားတယ်။

ဒါကြောင့် သူတို့ကို ဖမ်းဆီးပြီး ခေါ်သွားကြတယ်။

လေးယောက်သား ဘုမသိဘမသိနဲ့ ရဲမက်တွေနောက်ပါသွားခဲ့ကြတယ်။

ကန်ဆယ်ရာကိုရောက်တော့ ရဲမက်တွေက မောင်ပန်းမွှေးတို့အားလုံးကို စတေးလိုက်ကြတယ်။

ဒီအခါမှ ကန်ဆယ်တဲ့အရေးကိစ္စက အောင်မြင်သွားတယ်လို့ ဘုရင့်ပုဏ္ဏားတွေက ယူဆလိုက်တယ်။

ကန်ဆယ်အပြီး ဒွတ္တဘောင်မင်းကြီး အမိန့်ပြန်ဆိုပြီးတဲ့အခါ မင်းကြီးရဲ့အိပ်မက်ထဲကို လူလေးယောက် ရောက်ရှိလာတယ်။



မင်းကြီးက အကျိုးအကြောင်း မေးမြန်းတဲ့အခါ လူလေးဦးက 'သူတို့ဟာ ကန်တော်ကြီးရဲ့အစောင့်များဖြစ်ကြောင်း' ပြောကြတယ်။

ဒီအခါမှာ ဒွတ္တဘောင်မင်းကြီးက ...

"သင်တို့လေးယောက် ဒီအချိန်ကစပြီး ပြည်သူပြည်သားများရဲ့ ပူဇော်ပသခြင်းကို ခံယူပါ၊ လူမစားပါနဲ့၊ ပြည်သူတွေကို မနှောင့်ယှက်ပါနှင့်၊ လူအစား အမဲအစားပါ"

လို့ ကန်တော်ရှင်များကို တောင်းပန်ခဲ့တယ်။

အဲဒီချိန်ကစပြီး ကန်တော်ရှင်များအတွက် အမဲတစ်ကောင်ကို ပူဇော်ပသရတယ်။

ကာလကြာတဲ့အခါ လူအများတောင်းပန်ချက်နဲ့ အမဲပေါင်တစ်ပေါင်ကိုသာ ပြောင်းပြီး ပသခဲ့ကြတယ်။

ကန်တော်ရှင်များကို ပသတဲ့အခါ မနက်မှာ ဆန့်ရေတတ်, ကြက်သွန် အစုံအလင်နဲ့ အသားစိမ်းကို ပြသရတယ်။

ဖယောင်းတိုင်တစ်တိုင် ကုန်ချိန်အထိ ပြသပြီး ပသ

www.burmeseclassic.com

www.burmeseclassic.com



ထားတဲ့ အသားစိမ်းကို ချက်ပြုတ်ပြီး ထမင်းပွဲ၊ ဟင်းပွဲ အစုံအလင်နဲ့ ပြန်ပြီး ဆက်သရပြန်တယ်။

□□□

# အပိုင်း (၁၀)

www.burmeseclassic.com

www.burmeseclassic.com

**သရေခေတ္တရာ**ပြည်ရဲ့ ဇနပုဒ်တစ်ခုမှာ အိုးသည် လင်မယား နေထိုင်ကြတယ်။

သူတို့က အိုးတွေပြုလုပ်ပြီး လှည့်လည်ရောင်းရတဲ့ အလုပ်ကို လုပ်ကိုင်ကြတယ်။

ယောကျ်ားဖြစ်သူ အိုးရောင်းထွက်ရင် မိန်းမက အိမ်မှာ



ထင်းခွဲရေခပ်ပြီး ကျန်ရစ်ခဲ့တယ်။

အိုးသည်လင်မယားဟာ အိမ်ထောင်သက်ရင့်နေပေမယ့် ကလေးမရရှာဘူး။

ဒါကြောင့် ...

မိန်းမလုပ်သူဟာ ကလေးချစ်တတ်သူပီပီ အိမ်နီးချင်းကလေးတွေကို ထိန်းကျောင်းပေးပြီး ရသေ့စိတ်ဖြေ ပြုနေရှာတယ်။

တစ်ညမှာ မိန်းဖြစ်သူက ယောကျ်ားကို နှိပ်နယ်ဆေးရင်း–

"အင်း ... ကျုပ်တို့ဘဝကြီးလည်း ရှင်က အိုးလှည့်ရောင်းလိုက်, ကျုပ်က ချက်ပြုတ်ရင်း နဲ့ပဲ သေကြရတော့မယ် ထင်ပါရဲ့၊ သားသမီး ဆိုတာ အိမ့်ဆည်းလည်းတော့်၊ ခုနေများ ကလေးတစ်ယောက်ရှိရင် ဘယ်လောက်များ ကောင်းလိမ့်မလဲ"

လို့ ညည်းညူမိတယ်။

www.burmeseclassic.com

www.burmeseclassic.com



မိန်းမရဲ့စကားကြောင့် ယောကျ်ားဖြစ်သူ သက်ပြင်းချမိရင်း ...

"တို့မှာ ကလေးရဖို့ ကံမပါလို့ဖြစ်မှာပေါ့ မိန်းမရယ်၊ ကံစီမံရာပေါ့ကွာ၊ အဲ ... ဒါပေမဲ့ တစ်ခုတော့ရှိတယ် ... ငါကြားဖူးတာက ကလေးလိုချင်ရင် ရက္ခစိုးတို့ ဘာတို့ဆီ တိုင်တည်ရင် ရနိုင်တယ်တဲ့၊ ရှင်မ ... သားဆုပန် ကြည့်ပါလား"

လို့ ပြောလိုက်တဲ့အခါ မိန်းမဖြစ်သူက ခါးထောက်လိုက်ပြီး ...

"ဩ ... တော်က တော့်တာဝန်ကို ရက္ခစိုး သွားလွှဲချနေတယ်ပေါ့၊ ကျုပ်တော့ ဒါတွေ မယုံပါဘူး၊ ဒါက လူလုပ်မှုဖြစ်တာရှင့်၊ သစ်ပင်စောင့်နတ်နဲ့ ဘာဆိုင်လဲ"

လို့ ရန်တွေ့လိုက်တယ်။

ဒီအခါမှာ ယောကျ်ားဖြစ်သူက ခေါင်းကို တဖြင်းဖြင်းကုတ်လိုက်ရင်း ...



"ဒါ ... ဒါတော့ ဒါပေါ့ မိန်းမရယ်၊ မယုံမရှိနဲ့နော်၊ သားဆုပန်ရင် တကယ်ရနိုင်တယ်ကွ၊ ဘုရားဟောဇာတ်တော်တွေထဲမှာလည်း ငါ ဖတ်ဖူးတယ်၊ ရက္ခစိုးတွေက တကယ်မ,နိုင်ပါတယ်ကွ"

လို့ ပြောလိုက်ပြန်တယ်။

မိန်းမဖြစ်သူဟာ ယောကျ်ားရဲ့စကားကြောင့် တွေဝေသွားပြီး ...

"ဒါဆို ကျုပ်က ဘယ်ညောင်ပင်သွားပြီး ဆုတောင်းရမှာလဲ"

လို့ ယောကျ်ားဖြစ်သူကို ခနဲ့ပြီး မေးလိုက်တယ်။ ယောကျ်ားက မျက်မှောင်ကြုတ်စဉ်းစားဟန်ပြုလိုက်ပြီး ...

"ဟိုဘက် ရွာထိပ်က ညောင်ပင်ကြီးဆီ သွားမယ်ကွာ၊ အဲဒီမှာ နတ်ကွန်းကြီးလည်း ရှိတယ်"

www.burmeseclassic.com

www.burmeseclassic.com


လို့ ပြောလိုက်တဲ့အခါ မိန်းမက ထိတ်လန့်သွားပြီး...

"ဘာ ... ဟိုဘက် ရွာထိပ်က သောင်ပင်ကြီး ... ဟုတ်လား၊ ရှင် စိတ်မှကောင်းသေးရဲ့လား၊ အဲဒီသောင်ပင်ကြီးက သရဲခြောက်တယ်ဆိုပြီး နာမည်ကြီးနေတာရှင့်၊ အဲဒီမှာ မှင်စာတွေ ရှိတယ်"

လို့ ပြောလိုက်တဲ့အခါ ယောကျ်ားလုပ်သူက ...

"ဘာမှင်စာလဲ ... ဘုရားနံရံတွေမှာ ရေးဆွဲထားတဲ့ဟာကို ပြောတာလား"

လို့ မေးလိုက်မိတယ်။

"တော့မလည်း ညဏ်နည်းလိုက်တာ၊ ကလေးသရဲ မှင်စာတွေကို ပြောတာ၊ မဖြစ်ပါဘူး ... အဲဒီသောင်ပင်မှာ သားဆုပန်ရင်တော့ ရှင်မွေးလာမယ့်ကလေးက မှင်စာလူဝင်စားပဲ ဖြစ်မှာ ... သိရဲ့လား"

မိန်းမဖြစ်သူရဲ့စကားကြောင့် ယောကျ်ားဟာ စဉ်းစား[...]ကျသွားပြီး ...

"ဒါဆို ဘယ်မှာ သားဆုပန်ရင်ကောင်းမလဲ စဉ်းစားစမ်း ... စဉ်းစား၊ အဲ ... ဟုတ်ပြီ၊ ကန်တော်ရှင်မောင်နှမဆီသွားပြီး သားဆုပန်မယ်"

လို့ ပြောလိုက်ပြန်တယ်။

ယောကျ်ားရဲ့စကားကြောင့် မိန်းမဖြစ်သူဟာ ခေါင်းနား[...]န်းကြီးသွားတယ်။

"ရှင် ... ရှင် ကျုပ် ကလေးသိပ်လိုချင်မှန်းသိလို့ ရွဲ့ပြောနေတာလား၊ ရှင်ပြောတာတွေက တစ်ခုမှ မဆင်မပြေဘူး၊ ကန်တော်ရှင်ဆီသွားပြီး သားဆုန်ပန်မယ် ... ဟုတ်လား၊ ဟိုတစ်လောက ရှင် မကြားဘူးလား ... ကန်တော်ရှင်နဲ့ ပတ်သက်ပြီး တစ်တိုင်းပြည်လုံး ဟိုးလေးတကျော် ဖြစ်ခဲ့တာ၊ သမီးရည်းစားနှစ်ယောက် ချိန်းတွေ့ရင်း လွန်ကျူးလို့ ကန်တော်ရှင်မောင်

www.burmeseclassic.com



နှမက ပြစ်ဒဏ်ခတ်လိုက်တာလေ၊ မဖြစ်ပါဘူး တော် … ကျုပ်တို့ကိစ္စက ကန်တော်ရှင်ဆီသွားလို့ မဖြစ်နိုင်ပါဘူး၊ ဟိုက … အပျို လူပျိုမောင်နှမ နတ်စိမ်းရှင့်"

မိန်းမရဲ့အပြောကြောင့် ယောကျ်ားက ခေါင်းယမ်းလိုက်ရင်း …

"ဟာ … လူပျို အပျို၊ နတ်စိမ်းပေမယ့် သူတို့က ကောင်းသူကို ကယ်မပါတယ်ကွ၊ တို့က ဘုရားတရားဖက်ပြီး ဝမ်းစာရှာတဲ့လူတွေပဲ၊ ငါတော့ ယုံကြည်တယ် … ကန်တော်ရှင်မဆီ သွားပြီး သားဆုပန်ကြည့်ကွာ၊ သူတို့ကို ယုံကြည်ရင် ယုံသလောက် ထူးတယ်ကွ၊ လုပ်ကြည့်စမ်းပါ ရှင်မရာ"

လို့ တိုက်တွန်းလိုက်ပြန်တယ်။

မိန်းမဖြစ်သူက တစ်ချက်မျှ စဉ်းစားလိုက်ရင်း –

"ကဲ … ရှင် ဒီလောက်ဖြစ်နေလည်း ကျုပ်





သွားပြီး သားဆုပန်ပါ့မယ်တော်၊ တကတဲ သူ့တာဝန်ကို သခင်မ မိမိလေးဆီ လွှဲချပြန်ပြီ"

လို့ တဖျစ်တောက်တောက် ပြောလိုက်ပြန်တယ်။

❐❐❐

www.burmeseclassic.com

www.burmeseclassic.com

"အိုးသည့်လင်မယား တကယ်ပဲ ကလေးရမှာလား?"

# အပိုင်း (၁၁)

www.burmeseclassic.com

www.burmeseclassic.com

## သားဆုပန်ပြီ!

**နောက်တစ်နေ့** ရောက်တော့ မိုးလင်းတာနဲ့ အို
သည်လင်မယားဟာ အမဲပေါင်ကိုဆွဲပြီး ထွက်ခဲ့ကြတယ်။

သူတို့ရဲ့ခြေလှမ်းတွေက ကန်တော်ကြီးရှိရာ ဦးတည်
တယ်။

ကန်တော်ကြီးကိုရောက်တော့ နံ့သာတိုင်၊ ဆီမီး



အတူ သခင်မမိမိလေးကို တိုင်တည်ကြတယ်။

"သခင်မိမိလေးရှင့် ... အကျွန်တို့ဟာ ဆင်းရဲနွမ်းပါးတဲ့ အိုးသည်လင်မယားဖြစ်ပါတယ်၊ အကျွန်တို့ဟာ ယနေ့ချိန်ထိ သမာအာဇီဝ အလုပ်နဲ့ ဝမ်းစာရှာပြီး မကောင်းမှုစိုးစဉ်းမျှ မလုပ်ခဲ့ဖူးပါ၊ မကောင်းမှုဟူ၍ သူတစ်ပါးဆီက ငွေအသပြာတောင် မချေးငှားဖူးသူတွေပါ သခင်မမိမိလေး ... သခင်မကို လာရောက် ပူဇော်ခြင်းဟာ ငွေအသပြာအတွက် မဟုတ်ပါဘူး၊ အကျွန်တို့ ငွေမလိုချင်ပါဘူး သခင်မ၊ အကျွန်တို့ကို ရတနာတစ်ပါးဖြစ်တဲ့ သားသမီးရတနာ ပေးသနားတော်မူပါ၊ သခင်မမိမိလေးရဲ့ကျေးဇူးကို အကျွန်တို့ တစ်သက်မမေ့ပါဘူး၊ အကျွန်တို့ အိုးသည်လင်မယားကို သားသမီးရတနာ ချီးမြှင့်ပေးပါ သခင်မ၊ သခင်မကို ပသဖို့လည်း အမဲပေါင် ယူဆောင်လာပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



မိန်းမဖြစ်သူက နှုတ်မှတိုင်တည်ရင်း အမဲစိမ်းကို တင်မြှောက်လိုက်တယ်။

ဖယောင်းတိုင်ကုန်ဆုံးချိန်မှာတော့ အမဲစိမ်းကို ချက်ပြုတ်ပြီး ထမင်းဟင်းအစုံနဲ့ ထပ်မံ တင်မြှောက်ပြန်တယ်။

တင်မြှောက်မှုပြီးဆုံးချိန်မှာတော့ ...

အိုးသည်လင်မယားဟာ လာလမ်းအတိုင်း လှည့်ပြန်ကြတယ်။

လမ်းတစ်ဝက်ရောက်တော့ မိန်းမဖြစ်သူက ...

"ပြောရဦးမယ် ... ကျုပ် သခင်မကို တိုင်တည်နေတုန်း ကြက်သီးတွေ တဖျန်းဖျန်း ထလိုက်တာရင် ... ဘာဖြစ်မှန်းကို မသိဘူး၊ ကျုပ်တို့ အခုလို တိုင်တည်တာကို ကန်တော်ရှင်မောင်နှမ ကြိုက်ရဲ့လားမသိဘူး"

လို့ ပြောလိုက်တဲ့အခါ ယောကျ်ားဖြစ်သူက ...

"ဟာ ... ကြက်သီးထတာ ကောင်းတာပေါ့ကွ၊ အဲဒါ ... ငါတို့ တိုင်တည်တာကို သခင်မ



တို့ သိလို့ ကြက်သီးထတာဖြစ်မယ် ... ဟေးဟေး"

လို့ ဝမ်းသာတဲ့ လေသံကြီးနဲ့ ပြောလိုက်တယ်။

မိန်းမဖြစ်သူကတော့ မျက်စောင်းကြီးခဲပြီးသာ ကြည့်နေတော့တယ်။

□□□

www.burmeseclassic.com

www.burmeseclassic.com

ထိုနောက်တော့ အိုးသည်လင်မယားဟာ တစ်နေကုန် ပင်ပန်းတဲ့ဒဏ်နဲ့ အတိုးချပြီး အိပ်ပျော်သွားကြတယ်။

သန်းခေါင်ချိန်မှာတော့ အိုးသည်မိန်းမရဲ့ခြေထောက်ကို လှုပ်နှိုးခံရပြီး ...

"ဟင် ... အသင် ဘယ်သူလဲ"



အိုးသည်မိန်းမဟာ အိပ်မှုန်စုံမွှားနဲ့ ဝုန်းခနဲထ,ထိုင်ပြီး မေးလိုက်မိတယ်။

သူ့ရှေ့မှာ မြင်လိုက်ရတာက ခေါင်းပေါင်းတော်အနီနဲ့ ထိုင်မသိမ်း ဝတ်ဆင်ထားတဲ့ အမျိုးသမီးတစ်ယောက်။

လက်မှာလည်း ကလေးတစ်ယောက်ကို ချီပိုးထား တယ်။

အိုးသည်မိန်းမဟာ ရှေ့မှာမြင်နေရတဲ့ အမျိုးသမီးကို တအံ့တသြငေးကြည့်နေမိတယ်။

အမျိုးသမီးက သူမအနီး တရွေ့ရွေ့တိုးကပ်လာတယ်။

ပြီးတော့ ... နှုတ်က စကားတစ်ခွန်းမျှ မပြောဘဲ သူတို့ လင်မယားကြားထဲ ကလေးကိုချပြီး ပြန်လည်ထွက်ခွာသွား တယ်။

အိုးသည်မိန်းမဟာ ကလေးကိုတစ်လှည့်၊ အမျိုးသမီးရဲ့ ကျောကိုတစ်လှည့် ကြည့်ရင်း အံ့သြမှင်တက်နေမိတယ်။

ဒီအခါမှာပဲ ကလေးက စူးစူးဝါးဝါး ထအော်လိုက် တယ်။

www.burmeseclassic.com

www.burmeseclassic.com



"ကလေး … ကလေး ငိုနေပြီ"

အိုးသည်မိန်းမဟာ နှုတ်က ရေရွတ်ရင်း 'ဝုန်းခနဲ' ထ ထိုင်လိုက်မိတယ်။

မိန်းမရဲ့အသံကြောင့် ယောကျ်ားဖြစ်သူမှာ လန့်နိုးသွား ပြီး …

"ရှင်မ … ရှင်မ … ဘာဖြစ်တာလဲ၊ ဘယ် က ကလေးငိုလို့လဲ"

လို့ မေးလိုက်တဲ့အခါ အိုးသည်မိန်းမက ယောကျ်ားဖြစ် သူဘက် လှည့်ကြည့်ရင်း …

"ဟင် … ကျုပ်တို့ နှစ်ယောက်ကြားထဲက ကလေး ဘယ်ရောက်သွားလဲ"

လို့ မေးလိုက်မိတယ်။

ဒီအခါမှာ ယောကျ်ားက တအံ့တဩဖြစ်သွားရင်း …

"ဘယ်က ကလေးရှိရမှာလဲ ရှင်မရယ်၊ အင်း … ငါထင်တယ်၊ မင်းတော့ မနက်က သားဆုပန်တာကို စိတ်စွဲပြီး အိပ်မက်မက်နေ





တာ ထင်တယ်"

လို့ ကောက်ချက်ချလိုက်တဲ့အခါ အိုးသည်မိန်းမဟာ ရေတစ်ခွက်ကို ငုံ့သောက်လိုက်ပြီး …

"အိပ်မက် … ဟုတ်လား၊ ကျုပ် … ကျုပ် အိပ်နေတုန်း ခြေထောက်ကို လာလှုပ်တာ ခံစား လိုက်ရတယ်၊ ကျုပ် ထ,ထိုင်ကြည့်တော့ ခေါင်း စည်းအနီနဲ့ မိန်းမတစ်ယောက်ကို တွေ့ရတယ်၊ သူ့လက်မှာ ကလေးတစ်ယောက်လည်း ချီ ထားသေးတယ် …၊

ကျုပ်လည်း အံ့ဩပြီး ငေးကြည့်နေတုန်း မှာပဲ သူက ကျုပ်အနားကို လျှောက်လာတယ်၊ ပြီးတော့ … ကလေးကို ကျုပ်တို့နှစ်ယောက် ကြား ချထားပြီး ပြန်ထွက်သွားတယ်တော့၊ ဒီ အချိန်မှာပဲ ကလေးက ထ,ပြီးငိုတာ၊ ဒါ … ဒါတွေဟာ အိပ်မက်မက်နေတာပေါ့၊ ကျုပ် စိတ်ထဲမှာတော့ ထင်ရှားလွန်းလို့ တကယ်ဖြစ်ခဲ့

www.burmeseclassic.com



တယ်ပဲ ထင်နေတာ"

လို့ ပြောလိုက်တဲ့အခါ အိုးသည်ယောကျ်ားဟာ ဝမ်းသာအားရ ထခုန်လိုက်ရင်း ...

"ဒါ ... ဒါဆို သေချာတယ်၊ ငါတို့ ကလေးရတော့မယ်၊ သခင်မမိမိလေးက ရတနာပေးပြီကွ၊ ရတနာပေးပြီ၊ ငါမပြောဘူးလား ... ကန်တော်ရှင်မောင်နှမက ကောင်းသူကို ကယ်ပါတယ်ဆို၊ ဟေး ... ဒီတစ်သက် ကလေးချီရပြီကွ"

လို့ လက်သီးလက်မောင်းတန်းရင်း ကြုံးဝါးလိုက်တယ်။

အိုးသည်ယောကျ်ားရဲ့စကားကြောင့် မိန်းမဖြစ်သူဟာ ရှက်သွေးဖြာသွားပြီး ...

"ရှင်ကလည်း ဘေးလူတွေ ကြားဦးမယ်၊ တိုးတိုးပြောစမ်းပါရှင်၊ အသက်ကြီးမှ အမြီးပေါက်နေပြန်ပြီ"



လို့ ရေရွတ်လိုက်တဲ့အခါ အိုးသည်ယောကျ်ားဟာ အနီးမှာ ထွန်းညှိထားတဲ့ ဆီမီးခွက်ကို ငြိမ်းလိုက်ရင် မိန်းမကို ဆွဲဖက်လိုက်တော့တယ်။

"အို ... ရှင်ကလည်း ဘာဖြစ်နေတာလဲ"

အိုးသည်မိန်းမရဲ့ ညည်းတွားရေရွတ်သံနဲ့အတူ လင်းကြက်တွန်သံကို ကြားလိုက်ရတယ်။

❏❏❏

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁၂)

## ဝံဇာတာတက်ပြီ!

လအတန်ကြာတဲ့အခါ အိုးသည်မိန်းမမှာ ကိုယ်ဝန်ရှိ
တတယ်။

အိုးသည်လင်မယားရဲ့အကြောင်းကို သိထားတဲ့ အိမ်နီး
င်းတွေဟာ ဒီသတင်းကြားတော့ တအံ့တဩ ဖြစ်ကုန်ကြ
ယ်။

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ဝန်ရှိလာစဉ်မှာပဲ သူတို့ရဲ့အိုးလုပ်ငန်းဟာလည်း ပိုမိုရောင်းကောင်းလာခဲ့တယ်။

အိုးသည်ယောက်ျားဟာ ရောင်းရငွေတွေကို ရေတွက်ရင်း ...

"မင်းကို ငါမပြောဘူးလား ရှင်မရဲ့ ... လုံ့ထမ်းလာတာသာ မြင်ရမယ်၊ ကံထမ်းလာတာ မမြင်ရဘူးလို့၊ ငါတို့ သူတော်ကောင်းတွေမှန်းသိလို့ ကန်တော်ရှင်မက မ,စတာပဲကွဲ့၊ အနုတို့တွေ စုပ်ရော လာဘ်ရော ဝင်ပြီ ... မြင်တယ်မဟုတ်လား၊ သမာအာဇီဝအလုပ်လည်း အချိန်တန်ရင် ဖြစ်ထွန်းပါတယ်ကွာ ...၊

ကဲ ... ရှင်မရေ မနက်ကျရင် ငါ မြို့တက်ဦးမယ်၊ မြို့ပေါ်က အိုးကုန်သည်တစ်ယောက်က ငါ့အိုးတွေက အရည်အသွေးကောင်းလို့ အများကြီးမှာချင်လို့တဲ့ကွ၊ အဲဒါ ငါသွားပြီး အရောင်းအဝယ်ကိစ္စ တိုင်ပင်ရဦးမယ် ...၊

အင်း ... သွားမယ့်သာသွားရမှာ မင်းကို စိတ်မချဘူး"

လို့ ပြောလိုက်တဲ့အခါ မိန်းမဖြစ်သူက ...

"ဘာများစိတ်မချစရာရှိလဲတော်၊ ဆေးအိမ်က လူတွေလည်း ကျုပ်ကို ဝိုင်းကူကြတာပဲတော့်၊ စိတ်ချသာသွား ... ဘာမှစိတ်မပူနဲ့"

လို့ ပြန်ပြောလိုက်တယ်။

နောက်တစ်နေ့မှာတော့ အိုးသည်ယောက်ျားဟာ မြို့တက်ဖို့ ခရီးထွက်ခဲ့တယ်။

အိုးသည်ယောက်ျားဟာ ခရီးဆက်ရင်း ညအချိန်ရောက်တော့ ဇရပ်တစ်ခုမှာ ဝင်နားခဲ့တယ်။

ဇရပ်ကြီးက ဟောင်းနွမ်းဆွေးမြည့်နေတဲ့ ဇရပ်အိုကြီး။

အိုးသည်ယောက်ျားဟာ ဇရပ်ထောင့်မှာထိုင်ရင်း အသင့်ယူလာတဲ့ ထမင်းထုပ်ကို ဖြည်စားနေလိုက်တယ်။

စားသောက်ပြီးတဲ့ချိန်မှာတော့ ခရီးပန်းခဲ့တဲ့အတွက် မောမောနဲ့ အိပ်ပျော်သွားရှာတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒီအချိန်မှာပဲ သူ့နားထဲကို အသံတစ်ခု ကြားလိုက်ရတယ်။

"ပစ်ချလိုက်ရမလား၊ ပစ်ချလိုက်ရမလား"

ဆိုတဲ့ အသံကြီး။

အိုးသည်ယောကျ်ားဟာ အိပ်ချင်စိတ်ပြင်းပြနေတာကြောင့် နားအစုံကို လက်နဲ့ပိတ်ပြီး ဆက်အိပ်နေလိုက်တယ်။

ဒါပေမဲ့ အသံကြီးက ရပ်မသွားဘူး။

အိုးသည်ယောကျ်ားဟာ အိပ်မရတာကြောင့် အကြီးအကျယ် စိတ်တိုသွားပြီး ...

"ဒီလောက်တောင် ဖြစ်နေရင်လည်း ပစ်ချလိုက်ကွာ ... ပစ်ချလိုက်"

လို့ အော်ဟစ်ပြောလိုက်တယ်။

'ဘုတ်' ခနဲ အသံနဲ့အတူ သူ့ခေါင်းပေါ်ကို အထုပ်ကြီးတစ်ထုပ် ပြုတ်ကျလာတယ်။

အိုးသည်ယောကျ်ားလည်း လန့်ဖျပ်ပြီး ထခုန်မိတယ်။

ခေါင်းပေါ်ပြုတ်ကျလာတဲ့ အထုပ်ကြီးကိုကြည့်ပြီး အိုး



သည်ယောကျ်ားဟာ အံ့ဩမှင်တက်သွားမိတယ်။

"ဘာကြီးပါလိမ့်၊ ငါ ဖွင့်ကြည့်ရင် ကောင်းမလား၊ တော်ကြာ ... ဖွင့်လိုက်လို့ အရိုးခေါင်းကြီးတို့၊ လက်ပြတ်ကြီးတို့ ထွက်လာရင် ဘယ်လိုလုပ်မလဲ ... ကြောက်စရာကြီး၊ မဖြစ်သေးပါဘူး ... ဒီထဲမှာ ဘာတွေပါလဲဆိုတာ ငါသိချင်တယ်၊ ဘာပဲဖြစ်ဖြစ်ကွာ ဖွင့်ကြည့်မယ်၊ ဒါမှ စိတ်ချလက်ချ အိပ်လို့ရမှာ ... ကဲ"

အိုးသည်ယောကျ်ားဟာ တုန်ယင်တဲ့လက်နဲ့ အထုပ်ကြီးကို ဖြည်းဖြည်းချင်း ဖြည်လိုက်တယ်။

ရွှေဒင်္ဂါးတွေ အရောင်ပြိုးပြိုးပြက်ပြက်လက်နေတဲ့ ရွှေဒင်္ဂါးတွေ ...

အိုးသည်ယောကျ်ားဟာ အထုပ်ထဲက ထွက်လာတဲ့ ရွှေဒင်္ဂါးတွေကိုကြည့်ရင်း သူ့မျက်စိကို မယုံနိုင်အောင် ဖြစ်မိတယ်။

"ရွှေဒင်္ဂါးတွေ အများကြီးပါလား၊ ငါတော့

www.burmeseclassic.com

www.burmeseclassic.com



အိုးသည်ယောကျ်ားဟာ ဝမ်းသာအားရ ကြုံးဝါးလိုက်မိတယ်။

ရွှေဒင်္ဂါးတွေကို မမျှော်လင့်ဘဲ ရလိုက်တဲ့အတွက် သူဟာ မြို့ဆက်မသွားတော့ဘူး။ ရွာကို ပြန်ခဲ့တော့တယ်။

ရွာပြန်ရောက်တော့ ရွှေဒင်္ဂါးတွေရလာတဲ့အကြောင်း မိန်းမကို ပြောပြလိုက်တယ်။

"အမယ်လေး ယောကျ်ားရေ ... ကျုပ်တို့ သူဌေးကြီးဖြစ်ပြီပေါ့၊ ဝမ်းသာလိုက်တာ ... ယောကျ်ားရေ၊ ဒါ ... ဒါဟာ ကျုပ်တို့ကို ကန်တော်သခင်မ စောင့်ရှောက်လို့ပဲဖြစ်မယ်၊ သားသမီးရတနာလည်း ရတယ်၊ ငွေအသပြာလည်း ရတယ်၊ ပျော်လိုက်တာတော်"

မိန်းမဖြစ်သူရဲ့ ပျော်ရွှင်နေပုံကိုကြည့်ရင်း အိုးသည်ယောကျ်ားဟာ ပီတိဖြာနေတော့တယ်။

ခရီးသည်လင်မယားရဲ့သတင်းဟာ တစ်ရွာလုံး ပျံ့နှံ့သွားတယ်။



အိုးသည်မိန်းမကလည်း ...

"ကျုပ်တို့ကို ကန်တော်ရှင်မက မ,စတာတော်"

ဆိုပြီး အာဘောင်အာရင်းသန်စွာနဲ့ အရပ်လှည့်ပြောတယ်။

အဲဒီချိန်ကစပြီး ကန်တော်ရှင်မောင်နှမကို ပြည်သူပြည်သားတွေက ပိုမိုပြီး ယုံကြည်သက်ဝင်လာကြတယ်။

ကန်တော်ရှင်သခင်မရှိရာ ကန်ကြီးမှာ နေ့စဉ် လာရောက်ပူဇော်ပသသူတွေ ပိုမိုများပြားလာတော့တယ်။

□□□

www.burmeseclassic.com

www.burmeseclassic.com

"လောဘစိတ်ရှိသရွေ့ ပုဇော်ပသမှုတွေ ရှိနေဦးမှာပဲ"

# အပိုင်း (၁၃)

www.burmeseclassic.com

www.burmeseclassic.com

**သရေခေတ္တရာ** ပြည်ကြီးရဲ့ အစွန်အဖျားမှာ ... သုသာန်ကြီးတစ်ခုရှိတယ်။

တချို့သော တိုင်းသူပြည်သားတွေက ကန်ဆယ်ရာမှာ စတေးခံရတဲ့ မိမိလေးဟာ သုသာန်စောင့်ဖြစ်နေတယ်လို့လည်း ယူဆကြတယ်။



ဒါကြောင့် သုသာန်ရဲ့နတ်ကွန်းမှာ ဖောင်းအနီ၊ ဆံပင်ဖားလျားနဲ့ အနီရောင်ဝတ်စုံ နတ်ရုပ်တစ်ခုကို ပသထားတယ်။

အသုဘရှင်တွေဟာ အလောင်းမြေချခါနီးမှာ နတ်ကွန်းဆီသွားပြီး ဦးတိုက်ရသတဲ့။

ဦးတိုက်တဲ့အခါ သေဆုံးသူရဲ့အမည်နဲ့အသက်ကို ၎င်းအား သုသာန်ရှင်မလက်သို့ အပ်လိုက်ပြီဖြစ်ကြောင်း ၎င်းအတွက် နေရာတစ်ခုပေးပါရန် တိုင်တည်ကြရတယ်။

ပြီးမှ ... အလောင်းကို မြေချလေ့ရှိကြတယ်။

သုသာန်ရဲ့နတ်ကွန်းမှာ နေ့စဉ် နံ့သာဆီမီး ပူဇော်ပသသူကတော့ သုဘရာဇာကြီး ဦးကတိုးဖြစ်တယ်။

တစ်နေ့ သုသာန်မှာ အသုဘလာချတဲ့ ဦးကတိုးဟာ မြေကျင်းတူးပေးပြီး အုတ်ဂူတစ်လုံးပေါ် ဆေးလိပ်ဖွာအနားယူလိုက်တယ်။

ကွယ်လွန်သူဟာ အသက်ခြောက်ဆယ်အရွယ် အဘိုးကြီးတစ်ဦးဖြစ်သလို ...

အလောင်းမြေချတဲ့အခါ ...

www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေး အစ်ကိုကြီးရဲ့ ... ချစ်လှချည်ရဲ့ဆိုပြီး တစ်ယောက်တည်း ထားရစ်ခဲ့ပြီပေါ့၊ အစ်ကိုကြီးမရှိတဲ့ဘဝမှာ ဘယ်လိုများ အသက်ရှင်နိုင်ပါ့မလဲ အစ်ကိုကြီးရဲ့၊ မလေးကို မထားခဲ့ပါနဲ့၊ လိုက်မယ် ... အစ်ကိုကြီးနဲ့ လိုက်မယ်"

အသက်အားဖြင့် နှစ်ဆယ်မျှပင် ပြည့်ဟန်မတူသော မိန်းမငယ်လေး မြေကျင်းထဲ ခုန်ချမယ်ဆိုပြီး တကဲကဲပြင်နေတယ်။

အသုဘပို့သူတွေဟာ သူမကို ဝိုင်းဝန်းဆွဲလွဲကြရင်း ဖျောင်းဖျနှစ်သိမ့်နေရတယ်။

ဦးကတိုးဟာ ဆေးပြင်းလိပ်ကို ဖွာရှိုက်ရင်း စိတ်အချဉ်ပေါက်ပေါက်နဲ့ ...

"ဆွဲမနေပါနဲ့ဗျာ၊ ဖအေမရှိတဲ့ဘဝမှာ သမီးဖြစ်သူက တစ်ယောက်တည်း အထီးကျန်ဆန်နေမှာပေါ့၊ လွှတ်ပေးလိုက်၊ ခုန်ချလိုက် ကလေးမ ... ခုန်ချလိုက်"

လို့ မြင်ပြင်းကတ်စွာ လှမ်းပြောလိုက်တယ်။

"ရှင် ဘာစကားပြောတာလဲ၊ ဒါ ကျွန်မလင်ရှင့် ... ကျွန်မလင်၊ သူဘရာဇာဖြစ်ပြီး ကိုယ့်နေရာကိုယ် မနေဘူး၊ ဟောဒီလက်နဲ့ ပါးကွဲအောင်ကို ရိုက်ပစ်ဦးမှာ"

မိန်းကလေးသည် ထိုသို့ကြုံးဝါးရင်း ဦးကတိုးရှိရာ လာဖို့ ပြင်လိုက်တယ်။

အသုဘပို့သူများက မိန်းကလေးကို ဝိုင်းဆွဲကြရပြန်တယ်။

သူဘရာဇာကြီးက သူမကို မထီမဲ့မြင်ကြည့်ပြီး ထိုနေရာက ထွက်သွားလိုက်တယ်။

နောက်တစ်နေ့ရောက်တော့ လူငါးယောက်တစ်ဖွဲ့ ရောက်လာတယ်။

သူဘရာဇာကြီး လှမ်းကြည့်လိုက်တဲ့အခါ မနေ့က မိန်းကလေးဖြစ်နေတာ တွေ့ရတယ်။

၎င်းတို့ဟာ မြေပုံပေါ် ထမင်းတောင်းကိုတင်ရင်း ...

www.burmeseclassic.com



"အစ်ကိုကြီးရယ် ... အစ်ကိုကြီး သိပ်ကြိုက်တဲ့ ငါးပေါင်းဟင်းကို မလေးကိုယ်တိုင် ချက်ပြုတ်လာခဲ့တာပါ၊ ခုချိန်မှာ အစ်ကိုကြီးသာရှိရင် မလေးရဲ့လက်နဲ့ ခွံ့ကျွေးချင်လိုက်တာ အစ်ကိုကြီးရယ် ... အဟင့် ဟင့်"

လို့ ရေရွတ်ပြီး ရှိုက်ကြီးတငင် ငိုကြွေးလိုက်တယ်။

သူမနဲ့အတူပါလာတဲ့ အဖော်တွေက သူမကို ပခုံးဖက်နှစ်သိမ့်ရင်း ပြန်ခေါ်သွားကြတယ်။

မသာရှင်တွေ မရှိတော့တဲ့အတွက် ဦးကတိုးဟာ မြေပုံအနီးကိုလျှောက်သွားတယ်။

ပြီးတော့ မြေပုံပေါ် တင်ပျဉ်ခွေထိုင်ပြီး ...

"ဟား ... ဟား ... ငါးပေါင်းဟင်းနံ့က မွှေးနေတာပဲ၊ အရူစိုရချည်သေးရဲ့"

လို့ ပြောရင်း တောင်းထဲက ထမင်းထုပ်ကို ဖြည်စာ လိုက်တယ်။

မသာထမင်းကို အားပါးတရ စားသောက်နေချိန်မှာ

"အမယ်လေး ... အစ်ကိုကြီးအတွက် ပို့ထားတဲ့ ထမင်းတွေကို စားနေလိုက်တာ၊ တမလွန်က ကျုပ်လင်စားဖို့ ထမင်းထုပ်ပို့ထားတာရှင့်၊ ရှင်စားဖို့ အပင်ပန်းခံပြီး ချက်ပြုတ်ထားတာ မဟုတ်ဘူး"

မိန်းကလေးဟာ ငယ်သံပါမတတ် အော်ဟစ်ရင်း သုဘရာဇာကြီးရဲ့လက်က ထမင်းထုပ်ကို ဆွဲယူလွှတ်ပစ်လိုက်တယ်။

"ဟ ... လူငယ်သလောက် ရိုင်းလှချည်လားကွ၊ ကတိုးဆိုတဲ့ ကျုပ်က မသာထမင်းစားလာတာ ကြာပြီ၊ ဒါဟာ သုဘရာဇာတွေရဲ့ လုပ်ရိုးလုပ်စဉ်ပဲ"

မိန်းကလေးဟာ သုဘရာဇာကြီးကို မကျေမချမ်းကြည့်ရင်း ...

"မကျေနပ်ဘူး ... လုံးဝမကျေနပ်ဘူး၊ ကျုပ်ယောကျ်ားရဲ့ထမင်းထုပ်ကို စားတာ လုံးဝလက်မခံနိုင်ဘူး၊ မသာထမင်းစားတဲ့ ရှင့်ကို

www.burmeseclassic.com

www.burmeseclassic.com



သုသာန်ရှင်မနဲ့ တိုင်ရမယ်၊ မလေးတဲ့ ... တစ်လေးတည်း ရှိတယ်၊ ဘာမှတ်သလဲ”

လို့ ကြုံးဝါးပြီး နတ်ကွန်းစင်ရှိရာ အပြေးတစ်ပိုင်း ထွက်သွားတယ်။

“ဟား ... ဟား ... ဟား ... မသာထမင်းစားလို့ သုဘရာဇာကို တိုင်မတဲ့ဗျ၊ တိုင်လိုက်စမ်းပါ၊ မိမိလေးက ဟောဒီသင်္ချိုင်းမြေကို အပိုင်စားတဲ့ နတ်ဖြစ်သလို၊ ကတိုးဆိုတဲ့ ကျုပ်ကိုလည်း ဒီထဲရောက်ရင် ဘယ်သူမှ ကျော်လို့မရဘူးဆိုတာ မှတ်ထားလိုက်စမ်း ... ဟား ဟား ဟား”

□□□

# တိုက်ဆိုင်မှု

က မယုံနိုင်လောက်အောင်ပါဘဲ။

မာသာရှင်နဲ့ ပြဿနာတက်ပြီး သိပ်မကြာဘူး ...။ နဂိုကတည်းက ဒူလာရောဂါစွဲကပ်နေတဲ့ သုဘရာဇာကြီးဟာ ရောဂါအခြေအနေ ပိုဆိုးလာခဲ့တယ်။

သုဘရာဇာကြီး ဦးကတိုးတစ်ယောက် ဝေဒနာကို အလူး

www.burmeseclassic.com

www.burmeseclassic.com

အလဲခံစားရင်း တစ်လသောက်ကြာတဲ့အခါမှာတော့ ဇရပ်ပေါ်

ခွေလဲရင်း သေဆုံးခဲ့ရှာတယ်။

မသာချဖို့ သင်္ချိုင်းကို အကြိုထောက်တဲ့ လူတစ်

ယောက်က တွေ့ပြီး သူဘရာဇာကြီး သေဆုံးတဲ့သတင်းဟာ

ရွာငယ်လေးတွေဆီ ပျံ့နှံ့သွားတော့တယ်။

ဒီသတင်းဟာ ဦးကတိုးနဲ့ ပြဿနာတက်ခဲ့တဲ့ မိန်းက

လေးဆီ ရောက်သွားတဲ့အခါ ...

"ကောင်းတယ် ... သေတာတောင် နောက်

ကျသေးတယ်၊ ငါ့ယောကျ်ားရဲ့စားမြိန်စာကို

ယူစားလို့၊ ဒင်းကို မကျေနပ်လို့ သုသာန်စောင့်

နတ်နဲ့ တိုင်ပစ်လိုက်တာပေါ့၊ ဒါကြောင့် ...

သုသာန်စောင့်က ဒဏ်ခတ်လိုက်တာ၊ မယုံမရှိ

ကြနဲ့ ... သုသာန်စောင့်နတ်က တကယ်ရှိ

တယ်"

လို့ အယူလွဲမှားစွာ ပြောလိုက်တဲ့စကားက တစ်ဆင့်

စကား တစ်ဆင့်နားနဲ့ တစ်မြို့လုံး ပျံ့နှံ့သွားတော့တယ်။



ဒီအချိန်ကစပြီး သရေခေတ္တရာပြည်သူပြည်သားတွေ

ဟာ သုသာန်စောင့်နတ်ကွန်းဆီသွားပြီး ၎င်းတို့ရဲ့ လင်ကွဲမယားကွဲကိစ္စ၊ အတိုက်အခိုက်၊ လုပ်ငန်းကိစ္စတွေအတွက် တိုင်တည်ပသမှုတွေ ပြုလုပ်လာတော့တယ်။

❒❒❒

www.burmeseclassic.com

# အပိုင်း (၁၄)

**သရေခေတ္တရာ**ပြည်မှာ သူဌေးကြီးတစ်ဦးရှိတယ်။

သူဌေးကြီးဟာ ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာသလောက် ...မအများကြီး ယူထားသူလည်း ဖြစ်တယ်။

သူဌေးကြီးဟာ ခြံဝန်းကြီးတစ်ခုထဲမှာ အိမ်တွေဆောက် ...မယားအားလုံးကို တစ်ဝင်းထဲ ထားရှိတယ်။

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့မှာ သူဌေးကြီးဟာ အသည်းအသန် နာမကျန်း
ဖြစ်နေချိန် ...

မယားအားလုံးဟာ သူဌေးကြီးအနား ဝိုင်းပြီး ပြုစုပေး
နေရတယ်။

မယားတွေထဲမှာ သူဌေးကြီးရဲ့ အကြီးဆုံးမယားနဲ့
အငယ်ဆုံးမယားက မျက်နှာချင်းဆိုင်လို့ မရလောက်အောင်
မသင့်မြတ်ကြဘူး။

သေအံ့ဆဲဆဲဖြစ်နေတဲ့ သူဌေးကြီးကို အလယ်မှာထား
ပြီး အချင်းချင်း ရန်စောင်နေကြတယ်။

ဒီအချိန်မှာပဲ သူဌေးကြီးဟာ ဝေဒနာဖောက်လာပြီး
ကျိုးကျသွားရှာတယ်။

မယားတွေက ယောကျ်ားဖြစ်သူ သူဌေးကြီးကို
ငိုကြပေမယ့် အကြီးဆုံးနဲ့အငယ်ဆုံးမယားနှစ်ယောက်က
လုပ်တောင် မလုပ်ဘူး။

အကြီးဆုံးမယားဟာ အခန်းပြင်ဘက် ထိတ်
ထွက်သွားပြီး ပြန်ဝင်လာတဲ့အခါ သူနဲ့အတူ ဘဏ္ဍာ



ပါလာတယ်။

ဘဏ္ဍာစိုးကြီးကိုမြင်တဲ့အခါ မယားအားလုံးဟာ အငို
ရပ်သွားပြီး တစ်ခန်းလုံး တိတ်ဆိတ်ငြိမ်သက်သွားကြတယ်။

ဘဏ္ဍာစိုးကြီးက ဣန္ဒြေရစွာပဲ လက်မှာကိုင်လာတဲ့ စာ
ရွက်ရှည်ကြီးကို ဖြန့်ကြည့်လိုက်ပြီး ...

"ဒါကတော့ သူဌေးကြီး သက်ရှိထင်ရှားရှိ
စဉ်က မှာကြားခဲ့တဲ့ အမွေစာရင်းပါ ...၊
သူဌေးကြီးရဲ့ မှာကြားချက်အရ သူ့ရဲ့
အကြီးဆုံးမိန်းမနဲ့ အငယ်ဆုံးမိန်းမဟာ ဧက
ပေါင်းများစွာ ကျယ်ဝန်းတဲ့ ဒီခြံကြီးကို တစ်
ယောက်တစ်ဝက် ခွဲဝေယူပြီး အတွင်းပစ္စည်း
အနေနဲ့ တစ်ယောက်ကို စိန်ငါးဆင်စာစီ ရရှိမှာ
ဖြစ်ပါတယ် ...၊

ကျန်တဲ့မိန်းမအားလုံးဟာ သူဌေးကြီးရဲ့
အလောင်း မြေချချိန်မှာ ခွဲဝေပေးတဲ့ ပစ္စည်းနဲ့
အတူတကွ ဒီခြံကြီးက ထွက်ခွာပေးရမှာ ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ပါတယ်၊ သူတို့အတွက် ခွဲဝေမှုက မယားများ ဟာ လယ်ငါးဧက, နွားတစ်ရှဉ်းနဲ့ အတွင်း ပစ္စည်း ပတ္တမြားသုံးစုံစီ အသီးသီး ရရှိမှာဖြစ်ပါ တယ်၊

ကဲ ... သူဌေးကတော်တို့အားလုံး မကျေ နပ်တာများ ရှိပါသလား”

လို့ တစ်ယောက်ချင်းစီရဲ့မျက်နှာကို ကြည့်မေးလိုက် တယ်။

မယားအားလုံး ငြိမ်သက်နေပေမယ့် မယားအကြီးဆုံးက ဝင်ပြီး ...

“ကျွန်မ မကျေနပ်ဘူး၊ ဒင်းနဲ့အတူ ဒီခြံကြီး ကို ခွဲဝေမယူနိုင်ဘူး”

လို့ အငယ်ဆုံးမယားကို လက်ညှိုးထိုးပြောလိုက်တဲ့ အခါ ...

“အောင်မယ် ... ညည်းကများ ငါနဲ့ ခွဲမယူ နိုင်ဘူးလေး ဘာလေးနဲ့၊ အစ်ကိုကြီးနဲ့ အရင်



တွေ့လို့ မယားကြီးဖြစ်တာကို သိပ်ဂုဏ်ယူမနေ နဲ့၊ အစ်ကိုကြီးက ငါ့ကိုအချစ်ဆုံး၊ နင်တို့အား လုံးကို ကျော်ပြီး အစ်ကိုကြီးရဲ့အချစ်တွေ အား လုံး သိမ်းပိုက်နိုင်တာ ငါပဲ၊ ငါနဲ့ ခွဲမယူချင်ရင် ရတယ်လေ ... နင်ထွက်သွားပေါ့၊ ဒီခြံကြီးကို ငါတစ်ယောက်တည်း အပိုင်ရတယ်”

အငယ်ဆုံးမယားရဲ့မျက်နှာထိ မျက်နှာထားနဲ့ ပြော လိုက်တဲ့စကားကြောင့် အကြီးဆုံးမယားဟာ ယမ်းပုံမီးကျ ဖြစ် သွားရင်း ..

“ဟင် ကောင်မ ... စိုင်ကော်လို့ ချုပေါ် ရောက်လာတဲ့ ပန်းသည်မကများ ... ငါ့လို မျိုးရိုးစဉ်ဆက် သူဌေးသမီးကို ပြန်ပက်နေ သေးတယ်၊ ထိပ်တင်ကြီးတဲ့ဟော ... ထိပ်မှာပဲ နေတယ်၊ မွေးကတည်းက ရွှေဇွန်းကိုက်လာတဲ့ မိန်းမအေ့၊ ဘာလို့ ငါက ထွက်သွားရမှာလဲ ... ညည်း သွားရမှာအေ့၊ ငါ ငွေပေးလိုက်မယ်၊

www.burmeseclassic.com

www.burmeseclassic.com



ရှာပြန်ပြီး ဝန်းရောင်းစမ်းပါအေ"

လို့ ပြောလိုက်တဲ့အခါ အငယ်ဆုံးမယားက မတ်တတ်ရပ် ထဘီကို ပြင်ဝတ်လိုက်ရင်း ...

"ညည်းဟာညည်း ထိပ်တင်ရုံမကလို့
ခေါင်မိုးပေါ်ပဲတက်တက် ရွှေဖွန်းမကလို့ ခွေး
ချေးတုံးပဲ ကိုက်ကိုက်၊ ပြန်စဉ်းစားကြည့်လိုက်
စမ်းပါ၊ အစ်ကိုကြီး ဘယ်သူ့ဆီမှာ အနေများ
သလဲဆိုတာ၊ ကျုပ်ကလည်း ခင်ခင်ငယ်တဲ့
တစ်ငယ်တည်း ရှိတယ်၊ အငယ်ဆုံးဖြစ်ပေမယ့်
အားလုံးထက်သာတဲ့ ခင်ခင်ငယ် ... ဟေ့"

လို့ အော်ကြီးဟစ်ကျယ် ပြောလိုက်ပြန်တယ်။

ခင်ခင်ငယ်ရဲ့စကားကြောင့် ကျန်တဲ့မယားတွေပါ 'ဝှန်းခနဲ ထရပ်လိုက်ပြီး ရန်တွေ့သံတွေ ညံစီသွားတော့တယ်။

ဒီအခါမှာ ဘဏ္ဍာစိုးကြီးလည်း စိတ်ရှုပ်စွာနဲ့ ခေါင်းကို ဘဖြင်းဖြင်းကုတ်လိုက်ရင်း ...

"တော်ကြပါတော့ ... တော်ကြပါတော့ဗျာ၊



လူကြားလို့မှ မကောင်းပါဘူး၊ သူဌေးကတော်
တို့အားလုံး သူဌေးကြီးရဲ့ဂုဏ်သရေရှိ မယား
တွေပါ၊ သူဌေးကတော်တို့ ဒီလိုဖြစ်နေတာသိ
ရင် သူဌေးကြီးလည်း တမလွန်ကနေ စိတ်
ဖြောင့်မှာ မဟုတ်ဘူးဗျာ၊ သူဌေးကြီးရဲ့ရုပ်
ကလာပ်ကိုလည်း ကြည့်ကြပါဦး ... မြေမကျ
သေးပါဘူးဗျာ"

လို့ ဝင်ရောက်ဟန့်တားလိုက်တော့မှ မယားအားလုံး ငြိမ်ကျသွားတယ်။

ထိပ်တင်ကြီးနဲ့ ခင်ခင်ငယ်တို့ကတော့ ယောကျ်ားဖြစ်သူရဲ့ အလောင်းကိုတောင် ငဲ့မကြည့်ဘဲ အသီးသီး ထွက်သွားကြတယ်။

❐ ❐ ❐

www.burmeseclassic.com

www.burmeseclassic.com

"မယားပြိုင်နှစ်ယောက် ဘာဆက်ဖြစ်မလဲ?"

မိုးမလင်းသေးဘူး ... ထိပ်တင်ကြီးတစ်ယောက် အင်ဝိဇ္ဇာဆရာဒေါင်ဆီ ရောက်သွားတယ်။

ဆရာဒေါင်ဟာ သူဌေးကတော် ထိပ်တင်ကြီးကိုမြင်တော့ အံ့သြတကြီးဖြစ်သွားပြီး ...

"ဆိုင်းမဆင့် ဗုံမဆင့်ပါလား သူဌေးက

www.burmeseclassic.com

www.burmeseclassic.com



တော်ကြီးရယ်၊ လူလွှတ်လိုက်ပါရောပေါ့ ...

ဘယ့်နှယ် ကိုယ်တိုင်လာရသတုံး”

လို့ မေးလိုက်တဲ့အခါ ထိပ်တင်ကြီးက အိမ်ပေါ်ကို ကမန်းကတန်း တက်လိုက်ရင်း ...

“လူလွှတ်လို့မဖြစ်တဲ့ အရေးမို့လို့ပေါ့ ဆရာဒေါင်ရယ်၊ ကျုပ်မှာ အရေးကြုံနေပြီ၊ ဆရာဒေါင် ကူညီမှရမှာ”

လို့ လေသံတိုးတိုး ပြောလိုက်တယ်။

ထိပ်တင်ကြီးရဲ့စကားကြောင့် ဆရာဒေါင်ဟာ မျက်ခုံးကြုံ့သွားရင်း ...

“ဘာလဲ ... အရင်လိုပဲ ပီယဆေး ဖော်ပေးရမှာလား၊ ဘယ့်နှယ်လဲ ... သူဌေးကြီးတစ်ယောက် ထိပ်တင်ကြီးမှ ထိပ်တင်ကြီးဖြစ်နေပြီ မဟုတ်လား”

လို့ မေးလိုက်တဲ့အခါ ထိပ်တင်ကြီးက ...

“သူဌေးကြီး ညကပဲ ဆုံးပြီရှင့်”

လို့ ဝမ်းနည်းဟန်နဲ့ ပြောလိုက်တယ်။

ကြားရတဲ့စကားကြောင့် ဆရာဒေါင်ဟာ မျက်လုံးပြူးသွားပြီး ...

“ဘာ ... သူဌေးကြီးဆုံးပြီ ... ဟုတ်လား၊ စိတ်မကောင်းလိုက်တာဗျာ၊ ဒါ ... ဒါဆိုရင် ကျုပ် ပီယဆေး မဖော်ရတော့ဘူးပေါ့”

လို့ စိတ်မကောင်းတဲ့လေသံနဲ့ ပြန်ပြောလိုက်တယ်။

“ပီယဆေး မဖော်ရပေမယ့် တခြားဆေးတစ်မျိုး ဖော်ပေးရမယ် ဆရာဒေါင်၊ ဒါကြောင့် တိုးတိုးတိတ်တိတ် ကျုပ်ကိုယ်တိုင် လာခဲ့တာပေါ့၊ ကျုပ် ... ဟိုကောင်မ ခင်ခင်ယေ်ကို ကြည့်လို့မရဘူး၊ ညကလည်း ကျုပ်နဲ့ အကြီးအကျယ် စကားများပြီးပြီ”

ထိပ်တင်ကြီးရဲ့စကားကြောင့် ဆရာဒေါင်ဟာ လေသံတိုးတိုးနဲ့ ...

“ဒါဆို ကျုပ် ဘာဆေးဖော်ပေးရမလဲ”

www.burmeseclassic.com

www.burmeseclassic.com



လို့ အနားကပ်မေးလိုက်တဲ့အခါ ထိပ်တင်ကြီးက ဆရာဒေါင်ရဲ့ နားနားကပ်ပြီး တီးတိုးပြောလိုက်တယ်။

"ကျုပ် သဘောပေါက်ပြီ ... ပေါက်ပြီ၊ ဒါပေမဲ့ တစ်ခုတော့ရှိတယ် သူဌေးကတော်ကြီးရဲ့ ... ဒီဆေးက ပီယဆေးထက် ပိုပြီးခက်ခဲတယ်၊ သူဌေးကတော်ကြီးအတွက်မို့သာ စွန့်စားရမှာ၊ မလွယ်ဘူးဗျ"

ဆရာဒေါင်ရဲ့စကားကြောင့် ထိပ်တင်ကြီးဟာ မျက်စောင်းထိုးလိုက်ရင်း ...

"သိပါတယ် ဆရာဒေါင်ရယ်၊ ဒီနယ်မှာ ဆရာဒေါင်လောက် အစွမ်းထက်တဲ့ဆရာ မရှိပါဘူး၊ ဟောဒီမှာ ဆရာ့အတွက်"

လို့ ပြောလိုက်ပြီး ငွေဒင်္ဂါးတွေ ပေးလိုက်တယ်။ ဆရာဒေါင်ဟာ ငွေဒင်္ဂါးတွေကို တစ်ချက်ကြည့်လိုက်ရင်း ...

"အင်း ... ခုကိစ္စက သိပ်အရေးကြီးတယ် သူဌေးကတော်ရဲ့၊ ဆေးဖော်စပ်ဖို့ သင်္ချိုင်းအထိ



ကျုပ် စွန့်စားရမှာ"

လို့ ထပ်ပြောလိုက်တဲ့အခါ ထိပ်တင်ကြီးက ဆရာဒေါင်ကို စူးစိုက်ကြည့်လိုက်ပြီး ...

"ရော့ ... ဒါပါ ထပ်ယူထား၊ ဒါက နှယ်နှယ်ရရ ပစ္စည်းမဟုတ်ဘူးနော်၊ ဒါကိုသာ ထုခွဲရောင်းချလိုက်ရင် ဆရာဒေါင်တို့ ဒီတစ်သက်စားမကုန်တော့ဘူး"

လို့ ပြောဆိုရင်း ခေါင်းမှာထိုးထားတဲ့ စိန်ဆံထိုးကြီးကို ဖြုတ်ပေးလိုက်တယ်။

ဆရာဒေါင်ဟာ အရောင်ဖျပ်ဖျပ်လက်နေတဲ့ စိန်ဆံထိုးကို လောဘတက်စွာကြည့်ရင်း ...

"အားနာစရာတော့ ကောင်းနေပါပြီ သူဌေးကတော်ရယ်၊ စိတ်ချပါဗျာ ... ဟဲ ဟဲ၊ သူဌေးကတော်အတွက်ဆို ကျုပ် အစွမ်းကုန် ကူညီမယ်ဗျာ"

လို့ ပြောလိုက်ပြီး စိန်ဆံထိုးကြီးကို တုန်ယင်တဲ့လက်

www.burmeseclassic.com







နဲ့ လှမ်းယူလိုက်တယ်။

"ထိပ်တင်ကြီးတို့က စိန်ဆံထိုးလောက်ကို မမှုဘူး၊ ကျုပ်မှာ ဒါမျိုးတွေ အများကြီးရှိသေးတယ်၊ ဆရာဒေါင်သာ အမြန်ဆုံး စီစဉ်ပေးပါ"

ထိပ်တင်ကြီးရဲ့စကားကြောင့် ဆရာဒေါင်ဟာ ခေါင်းကို ပြုတ်ထွက်မတတ် ညိတ်ရင်း ...

"စိတ်ချပါ သူဌေးကတော်ရယ် ... သူဌေးကတော်အတွက် အစွမ်းအထက်ဆုံးဆေး ဖော်ပေးပါ့မယ်၊ ကျုပ်ရဲ့အစီအရင်သာ ပြီးလို့ကတော့ ခင်ခင်ငယ်ဆိုတဲ့ကောင်မ ကျွမ်းပြန်ဖို့သာ ပြင်ထား၊ ကြာပါတယ်ဗျာ ... ကျုပ် ဒီညပဲ သင်္ချိုင်းသွားမယ်"

လို့ ပြောလိုက်တဲ့အခါ ထိပ်တင်ကြီးက နားမလည်ဟန် နဲ့ ...

"ဟင် ... ဆရာဒေါင်က သင်္ချိုင်းကို ဘာသွားလုပ်မှာလဲ၊ ကျုပ်ယောကျ်ား အသုဘအတွက်က အားလုံးစီစဉ်ပြီးပါပြီ"

လို့ ပြောလိုက်တယ်။

ဒီအခါမှာ ဆရာဒေါင်က ကပျာကယာနဲ့ ထိပ်တင်ကြီး အနား ကပ်လိုက်ရင်း ...

"သူဌေးကြီးအသုဘအတွက် မဟုတ်ဘူးဗျ၊ ကျုပ်ဖော်မယ့်ဆေးက သင်္ချိုင်းမှာပဲရှိတယ်၊ ဒါကြောင့် သွားရမှာ"

လို့ လေသံနဲ့ ပြောလိုက်တဲ့အခါ ထိပ်တင်ကြီးက ...

"အမယ်လေးတော် ... အဲဒီသင်္ချိုင်းက သိပ်ကြမ်းတယ်ဆိုလားပဲ၊ ဖြစ်ပါ့မလား ဆရာဒေါင်ရယ်"

လို့ ထိတ်လန့်ဟန်နဲ့ ပြောလိုက်မိတယ်။

"သူဌေးကတော် အတွက်ပဲဗျာ၊ ကျုပ် သေရင်သေပါစေ ... အစွမ်းကုန် ကူညီမယ်လို့ ပြောပြီးပါရောလား ... ဟဲ ... ဟဲ ... ဟဲ"

ဆရာဒေါင်ရဲ့စကားကြောင့် သူဌေးကတော်ကြီးဟာ

www.burmeseclassic.com

www.burmeseclassic.com



ကျေနပ်စွာနဲ့ပဲ ပြန်သွားတော့တယ်။

ညရောက်တော့ ဆရာဒေါင်တစ်ယောက် မီးတုတ်ကိုင်ပြီး သင်္ချိုင်းဘက် ထွက်ခဲ့တယ်။

သူ့မျက်လုံးထဲမှာတော့ သူဌေးကတော်ကြီး ပေးခဲ့တဲ့ စိန်ဆံထိုးကြီးကိုပဲ တဝဲလည်လည် မြင်ယောင်နေမိတယ်။

“အင်း … ဒီကိစ္စပြီးရင်တော့ စိန်ဆံထိုးကို ထုခွဲပြီး တခြားမြို့မှာ သူဌေးကြီးသွားလုပ်ရမယ်၊ ငါ့မှာ ငွေတွေအများကြီးရှိရင် မိန်းမချောတွေ ဝိုင်းနေမှာပဲ … ဟီး … ဟီး”

ဆရာဒေါင်တစ်ယောက် အတွေးနဲ့ပဲ အကျေနပ်ကြီး ကျေနပ်နေမိတယ်။

သင်္ချိုင်းနားရောက်တော့ ဆွဲငင်စွာ အူလိုက်တဲ့ ခွေးအူသံကြောင့် ကျောချမ်းသွားပြီး …

“အရေးထဲ ခွေးက အူလိုက်တာ၊ ကာလနာခွေးတွေ … ရပ်ပါတော့ဟ၊ ငါဆိုတဲ့ကောင်က တစ္ဆေသရဲသာ မကြောက်တတ်တာ … ခွေးအူ



သံကြားရင် ကျောချမ်းတတ်တာ ငယ်ငယ်ကတည်းကပဲ”

လို့ နှုတ်က ပွစိပွစိ ရေရွတ်ရင်း သင်္ချိုင်းထဲ လှမ်းခဲ့တယ်။

ဆရာဒေါင်ဟာ မှောင်မှောင်မည်းမည်း သင်္ချိုင်းကြီးထဲ …မ်းတဝါးဝါးသွားလာရင်း တစ်နေရာရောက်တော့ မီးတုတ်အလင်းရောင်နဲ့ လှုပ်နေတဲ့ အရာတစ်ခုကို မြင်လိုက်ရတယ်။

“ငါ့နှယ်နော် … မကြောက်တတ်ပါဘူးဆိုမှ ဘာအရိပ်တွေ မြင်နေပြန်သလဲ မသိဘူး၊ ဘာ … ဘာကြီးလဲဟ … လှုပ်လှုပ်၊ လှုပ်လှုပ်နဲ့၊ ငါ … ငါ လှည့်ကြည့်လိုက်ရင် ကောင်းမလား၊ ကြည့်ရတာ ဝတ်ရုံကြီးနဲ့ လူတစ်ယောက် လှုပ်ရှားနေသလိုပဲ …၊

ဖြစ်ချင်ရာဖြစ်ကွာ လှည့်ကြည့်လိုက်မယ်၊ ငါမှ မကြောက်တတ်တာ၊ အင်္ဂဝိဇ္ဇာ ဆရာဒေါင်တဲ့ … သင်္ချိုင်းမှာ အကြိမ်ကြိမ် အသုဘ

www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာ့ဌာန်း ရှုခဲ့ဖူးတယ်၊ လုံးဝ မကြောက်ဘူး၊ ကြည့်မယ်ကွာ ... ကဲ”

ဆရာဒေါင်တစ်ယောက် ကြိုးဝါးရင်း အနောက်ကို မျှတ်ခနဲ လှည့်ကြည့်လိုက်တယ်။

လူက လှည့်လိုက်ပေမယ့် မျက်လုံးက မဖွင့်ရဲဘူး။ စုံမှိတ်ထားတုန်းပဲ။

အတော်ကြာတော့မှ မျက်လုံးတစ်ဖက်ကို အသာဖွင့်ပြီး ကြည့်လိုက်တယ်။

ဘာမှမဟုတ်ဘူး ... သစ်ကိုင်းခြောက်မှာ အဝတ်စတစ်ခု တန်းလန်းကြီး ငြိနေတာ။

ဒီတော့မှ ဆရာဒေါင်တစ်ယောက် သက်ပြင်းချလိုက်ရင်း ...

“ဟူး ... တော်ပါသေးရဲ့၊ အဝတ်စကြီး ဖြစ်နေပေလို့၊ စိန်ဆံထိုး မျက်နှာကြောင့်သာ အရဲစွန့်လာရတာ၊ မကြောက်ဘူးဆိုပေမယ့် ... နည်းနည်းတော့ ကြောက်သား၊ မဖြစ်ဘူး ... ငါ့ကိစ္စ မြန်မြန်လုပ်မှ၊ ကြာရင် သွေးလေ ချောက်ချားတာနဲ့ ရူးနိုင်တယ်”

လို့ ရေရွတ်ရင်း သင်္ချိုင်းက ကမ္ဘည်းတိုင်တွေကို လိုက်ဖတ်လိုက်တယ်။

မိန်းမတစ်ယောက်ရဲ့ ကမ္ဘည်းတိုင်ရှေ့ရောက်တော့ ဆရာဒေါင်ဟာ ခြေလှမ်းတုံ့သွားပြီး ...

“ဒါဆိုရင် အတော်ပဲ၊ ဒီမှာပဲ ငါ လုပ်ငန်းစမယ်”

လို့ ရေရွတ်လိုက်ရင်း မြေကြီးတွေကို တူးလိုက်တယ်။

အတော်ကြာ တူးမိတော့မှ အခေါင်းပေါ်လာပြီး ဆရာဒေါင်ဟာ အခေါင်းရဲ့အဖုံးကို တူရွင်းနဲ့ ရိုက်ဖွင့်လိုက်တယ်။

အခေါင်းထဲက ထွက်လာတဲ့ ပုပ်အဲ့အဲ့အနံ့ကြီးကြောင့် ဆရာဒေါင်ဟာ တဝေါ်ဝေါ် ထိုးအန်ရင်း ...

“စိန်ဆံထိုး ... စိန်ဆံထိုး ... မျက်နှာ တယ်ကြီးပါလား၊ အလောင်းက ခြောက်သွားတာ မကြာသေးတော့ အနံ့သိပ်ပြင်းတယ် ...၊



www.burmeseclassic.com

www.burmeseclassic.com



ကဲ ... လာစမ်း"

လို့ ကြုံးဝါးလိုက်ရင်း အခေါင်းထဲက တစ်စုံတစ်ခုကို နှိုက်ယူလိုက်တယ်။

ဆရာဒေါင်ဟာ သူလိုချင်တာ ယူပြီးတဲ့အခါမှာတော့ အခေါင်းကို အဖုံးပိတ်လိုက်ပြီး မြေပြန်ဖို့လိုက်တယ်။

ပြီးတဲ့အခါမှာတော့ သင်္ချိုင်းထဲကနေ အမြန်ဆုံး ခြေလှမ်းတွေနဲ့ ထွက်ခဲ့တော့တယ်။

အိမ်ပြန်ရောက်တော့ မနက်သုံးနာရီ ထိုးတော့မယ်။

ဆရာဒေါင်လည်း လွယ်အိတ်ကို တိုင်မှာချိတ်ရင်း အိပ်ရာတန်းဝင်ခဲ့တယ်။

မှေးခနဲ အိပ်ပျော်သွားစဉ်မှာတော့ အိပ်ခန်းတံခါးဖွင့်သံ ကြားလိုက်ရတယ်။

ဆရာဒေါင်ဟာ အိပ်မှုန်စုံမွှားနဲ့ တံခါးကို လှမ်းကြည့်နေစဉ်မှာပဲ လူရိပ်တစ်ခုကို မြင်လိုက်ရတယ်။

ဆရာဒေါင်ဟာ အကဲခတ်ကြည့်နေစဉ်မှာပဲ လူရိပ်ဟာ အခန်းထဲ ဝင်လာတယ်။



ဆံပင်ဖားလျားနဲ့ မိန်းမတစ်ယောက်ရဲ့အရိပ်။

ဆရာဒေါင်ဟာ ကြောက်လွန်းလို့ တစ်ကိုယ်လုံး ဆတ်ဆတ်တုန်သွားတယ်။

ခြေဖျား လက်ဖျားအစုံ အေးစက်နေပေမယ့် သူ့တစ်ကိုယ်လုံး ချွေးပြန်နေပြီ။

"ဘယ် ... ဘယ်သူလဲ၊ ငါ ... ငါ့အခန်းထဲက ထွက်သွား ... ထွက်သွား"

ဆရာဒေါင်ဟာ ကြောက်စိတ်နဲ့ အော်ဟစ်ပြောဆိုလိုက်တဲ့အခါ ချောက်ချားဖွယ်ကောင်းတဲ့ ရယ်သံတစ်ခုကို ကြားလိုက်ရပြီး ...

"ဟား ... ဟား ... ဟား ... ဟီး ... ဟီး သိပ်ကြောက် ... နေ ပြီ လား၊ ပြန် ပေး ... ငါ ... ဟာ ... ပြန် ... ပေး ... ဟီး ဟီး ဟီး"

မိန်းမအရိပ်မည်းကြီးက သူ့ခုတင်နားကို တရွေ့ရွေ့တိုးကပ်လာတယ်။

ချောက်ချားဖွယ် အသံဆိုးကို ဆက်တိုက်ကြားနေရပေ

www.burmeseclassic.com

www.burmeseclassic.com



မယ့် အသံက ဘယ်ကလာမှန်းမသိဘူး။

မိန်းမအရိုပ်ရဲ့မျက်နှာကို ကြည့်လိုက်တော့ ပါးစပ်က မလှုပ်ဘူး။

ဒါပေမဲ့ ... အသံက အဆက်မပြတ် ကြားနေရတယ်။

ဆရာဒေါင်တစ်ယောက် သွေးရူးသွေးတန်းနဲ့ အရိပ်ကြီးကို အော်ဟစ်မောင်းနှင်ထုတ်ရင်း အကြောက်လွန်ပြီး ရှုးရှုးတွေတောင် ထွက်ကျကုန်တယ်။

"မလာနဲ့ ... မလာနဲ့ ... သွား ... သွား"

ဆရာဒေါင်ဟာ အော်ဟစ်ရန်းကန်နေစဉ်မှာပဲ မိန်းမအရိပ်မည်းကြီးက သူ့မျက်နှာနားရောက်လာသလို ခံစားလိုက်ရတယ်။

ပြီးတော့ မိန်းမအရိပ်ကြီးဟာ လက်ကို ဆန့်တန်းလိုက်ရင်း ဆရာဒေါင်ရဲ့မျက်နှာကို ဆွဲကုတ်ဖို့ ပြင်လိုက်တယ်။

ဆရာဒေါင်ဟာ အော်ဟစ်ချိန်တောင် မရလိုက်ဘူး။

မိန်းမအရိပ်ကြီးရဲ့ ရှည်လျားချွန်ထက်နေတဲ့ လက်သည်းတွေအောက်မှာ မျက်နှာတစ်ခုလုံး သွေးခြင်းခြင်းနီနေ



တယ်။ ဆရာဒေါင်လည်း နာကျင်လွန်းတဲ့ဒဏ်ကြောင့် ဆောက်တည်ရာကင်းမဲ့သွားပြီး ..."အား" ... ခနဲ သံကုန်အော်ဟစ်လိုက်တယ်။

ဆရာဒေါင်ရဲ့ အော်ဟစ်သံကြောင့် အိမ်နီးချင်းတွေဟာ အထိတ်တလန့် ရောက်ရှိလာကြတယ်။

အိမ်ပေါ်ရောက်တော့ ခုတင်ပေါ်မှာ သွေးရူးသွေးတန်း အော်ဟစ်ရုန်းကန်နေတဲ့ ဆရာဒေါင်ကို တွေ့လိုက်တဲ့အခါ...

"ဆရာဒေါင် ... ဆရာဒေါင် ... ဘာဖြစ်တာလဲ၊ သတိထားပါဗျာ"

လို့ ဝိုင်းဝန်းမေးမြန်းကြတယ်။

သူတို့အားလုံး ဆရာဒေါင်ကိုကြည့်ပြီး အံ့သြထိတ်လန့်နေမိတယ်။

"မလာနဲ့ ... သရဲမ၊ မကောင်းဆိုးဝါးမ၊ ငါ့ဆီမလာနဲ့ ... သွား သွား"

ဆရာဒေါင်ဟာ ဗလုံးဗထွေးသံကြီးနဲ့အတူ လူတွေကို မောင်းနှင်ထုတ်လိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com

“ဟာ … ဆရာဒေါင် မလုပ်ပါနဲ့ဗျာ၊ ကျုပ်တို့ပါ၊ သရဲမ မရှိပါဘူးဗျာ၊ ကြည့်ပါဦး ဆရာဒေါင်ရဲ့ … ခေါင်းရင်းအိမ်က စံရိုးတို့ပါဗျာ”

အိမ်နီးချင်းတွေက ဆရာဒေါင်ကို နည်းအမျိုးမျိုး ပြောဆိုကြပေမယ့် လုံးဝလက်မခံဘူး။

ဆရာဒေါင်ဟာ လူတွေရဲ့လက်တွေကို သရဲမရဲ့လက်ထင်ပြီး အကြောက်အကန် ငြင်းဆန်နေတယ်။

လူတွေအားလုံး ဆရာဒေါင်ကိုကြည့်ပြီး ဘာလုပ်ရမှန်းမသိ ဖြစ်လာကြတယ်။

ဒီအချိန်မှာပဲ ဆရာဒေါင်တစ်ယောက် အကြောက်လွန်ပြီး တက်သွားတော့တယ်။

လူတွေဝိုင်းပြီး ပြုစုပေမယ့် ဆရာဒေါင်ကတော့ လုံးဝသတိပြန်မလည်ဘူး။

နှစ်နာရီနီးပါး ကြာမြင့်ချိန်မှာတော့ ဆရာဒေါင်တစ်ယောက် မျက်ဖြူစိုက်ပြီး ဇက်ကျိုးကျသွားရှာတယ်။

လူတွေအားလုံး ဆရာဒေါင်ရဲ့သေဆုံးမှုကိုကြည့်ပြီး



တွေးရခက်ကြီး ဖြစ်နေကြတယ်။

တကယ်တော့ ဆရာဒေါင်ဟာ သချိုင်းမှာ စွဲခဲ့တဲ့အစွဲစိတ်နဲ့ အိပ်ရာဝင်ရင်း အိပ်မက်ဆိုးမက်ရာက အကြောက်လွန်ပြီး တက်သွားခဲ့တယ်။

ပြီးတော့ … အတက်လွန်ရင်း အသက်ပါ,ပါသွားခဲ့တာပါ။

လူတချို့ကလည်း ဆရာဒေါင် ဗလုံးဗထွေး ရေရွတ်သံကို အထကောက်ပြီး …

“ဆရာဒေါင် မကောင်းဆိုးရွားဖမ်းစားလို့သေရတယ်”

လို့ ချဲ့ကားပြောကြတယ်။

စပ်စုတဲ့လူတစ်ယောက်က ဆရာဒေါင်ရဲ့အိမ်အနှံ့ လှည့်ပတ်ကြည့်ရင် လွယ်အိတ်ကို လက်နှိုက်မိတယ်။

ဒီအခါမှာ ထိုလူက လက်မှာပါလာတဲ့အရာကို ကြည့်မိရင်း …

“ဟာ … အရိုး … အရိုးပါလား၊ ဒါဟာ …

www.burmeseclassic.com

www.burmeseclassic.com



လူရဲ့အရိုးဖြစ်ရမယ်၊ ဆရာဒေါင်ဟာ အင်္ဂလိပ်စာ လို့ အမည်တပ်ထားပေမယ့် စွယ်စုံရတဲ့ဆရာ တစ်ယောက်ဆိုတာ ကျုပ် သိတယ်၊ မဟုတ်မှ လွဲရော ... သချိုင်းက အလောင်းသွားဖော်လို့ သုသာန်စောင့်သခင်မက မကျေနပ်လို့ လိပ်ပြာ နှုတ်လိုက်တာပဲ ဖြစ်ရမယ်"

လို့ ထင်ကြေးပေး ပြောလိုက်ပြန်တယ်။

ရိုးသားအေးဆေးတဲ့ တောသူတောင်သားတွေဟာ ထိုလူ ပြောစကားကို အစွဲပြုပြီး သုသာန်စောင့်သခင်မ လိပ်ပြာနှုတ်လို့ ဆရာဒေါင် သေဆုံးရတယ်လို့ မှတ်ယူသွားကြတယ်။

အဲဒီချိန်ကစပြီး သရေခေတ္တရာရှိသမျှ ဂိုဏ်းပေါင်းစုံ ဆရာတို့ဟာ သုသာန်စောင့် မိမိလေးဆီသွားပြီး ပသကြပြန် တယ်။

သူတို့ရဲ့ယူဆချက်က သူတို့အလုပ်မှာ မိမိလေး ဝင် မနှောင့်ဖို့နဲ့၊ အစီအရင်တွေ ဖော်ရာမှာ အောင်မြင်ဖို့အတွက်ပဲ ဖြစ်တယ်။



အဲဒီခေတ် ...

အဲဒီအချိန် ...

သရေခေတ္တရာပြည်ကြီးမှာ ကန်ကိုစောင့်ရှောက်တဲ့ 'ကန်တော်ရှင်သခင်မ မိမိလေး' ကို ပသကြသူတွေ ရှိသလို—

သုသာန်ကို စောင့်ရှောက်တဲ့ 'သုသာန်စောင့် သခင်မ မိမိလေး' ကို ပသကြသူတွေ ရှိခဲ့ပါတယ်။

လူတွေရဲ့ အစွဲအလမ်း၊ လူတွေရဲ့ ချဲ့ကားပြောဆိုတတ်တဲ့ ပါးစပ်အပြောဆိုတာ သိပ်ကြောက်ဖို့ ကောင်းပါတယ်။

ဒီပါးစပ်အပြောတွေကြောင့်ပဲ သေဆုံးစဉ်မှာ စွဲမိတဲ့ အစွဲကြောင့် မကျွတ်မလွတ်ဘဲ နတ်စိမ်းဘဝကို ရောက်ရရှာတဲ့ "မိမိလေး" တောင် အမည်တစ်ခုနဲ့ နေရာဒေသနှစ်ခုမှာ စောင့်ရှောက်တဲ့ 'သခင်မ' ဖြစ်ခဲ့ရပါတယ်။

ဒါကြောင့် ...

□□□

www.burmeseclassic.com

www.burmeseclassic.com

“သင့်မှာ အယူသီးမှု ရှိရင် ဆုပ်ကိုင်မထားပါနဲ့၊
အယူလွဲမှားမှုဟာ သင့်ကိုယ်သင် ပြန်သတ်နေသလိုပါပဲ”

# အပိုင်း (၁၅)

www.burmeseclassic.com

www.burmeseclassic.com

ဒေါ်အိုစာ ကန်တော်ရှင်နတ်ကွန်းနဲ့ပတ်သက်တဲ့ နောက်ကြောင်းရာဇဝင်ကို ပြောပြီးချိန်မှာတော့ အားလုံးရဲ့မျက်နှာတွေကို အကဲခတ်ကြည့်လိုက်တယ်။

လူအားလုံး ... ကန်တော်ရှင်ဇာတ်လမ်းမှာ မျှော်ပြီး ငေးငိုင်ငြိမ်သက်နေတာကို သတိပြုမိလိုက်တယ်။



ဒီအချိန်မှာပဲ အုန်းမောင်းခေါက်သံကို ကြားလိုက်ရတယ်။

အုန်းမောင်းသံနဲ့အတူ ဆွဲဆွဲငင်ငင်အူလိုက်တဲ့ ခွေးအူသံကိုပါ ကြားနေရတယ်။

ခွေးအူသံကြောင့် အားလုံးရဲ့မျက်လုံးအကြည့်တွေက ဒေါ်အိုစာဆီ ရောက်သွားကြတယ်။

မြမောင်တစ်ယောက် ကွပ်ပျစ်ပေါ်ထိုင်ပြီး ငြိမ်သက်နေက အိပ်ပေါ်တက်လာတယ်။

ဒေါ်အိုစာ့အနားမှာ ဝင်ထိုင်လိုက်ရင်း ...

"ဒေါ်အိုစာပြောတဲ့ ရာဇဝင်အရဆို ... ရေကန်ကြီးမှာရှိတဲ့ ကန်တော်ရှင်နတ်ကွန်းဟာ တကယ်ကို အစွမ်းရှိတာပေါ့နော်၊ ကျုပ်တို့တိုင်တည်ပသရင်ရော တကယ်ကို အကျိုးထူးမှာလားဗျ"

လို့ စိတ်အားတက်ကြွစွာ မေးမြန်းလိုက်တယ်။

ဒေါ်အိုစာက မြမောင်ရဲ့မျက်နှာကို စူးစိုက်ကြည့်ရင်း-

www.burmeseclassic.com

www.burmeseclassic.com



“ပြီးပြည့်စုံခြင်းကို ဘုရားကတောင် မဖန်ဆင်းပေးနိုင်ဘူး မြမောင်၊ ဘာကြောင့်လဲဆိုတော့ ဘုရားရှိခိုး ဆုတောင်းတိုင်းသာ အရာအားလုံး ပြည့်စုံမယ်ဆိုရင် ဘယ်သူမှ အလုပ်လုပ်ကြတော့မှာ မဟုတ်ဘူး၊ ဘုရားရှေ့မှာပဲ ဆုတောင်းသံတွေ ပွက်လောရိုက်နေလိမ့်မယ်၊

နတ်ကွန်းရဲ့နောက်ကြောင်းကို ပြောပြခြင်းဟာ မျက်လုံးမှိတ် ကိုးကွယ်ပသဖို့ မဟုတ်ဘူး၊ ကိုယ့်အရပ် ကိုယ့်မြို့မှာရှိတဲ့ ရာဇဝင်နောက်ကြောင်းတစ်ခုကို ဗဟုသုတအနေနဲ့ ပြောပြခြင်းသာ ဖြစ်တယ် ...၊

ကန်မောင်နှမရဲ့နောက်ကြောင်းကိုကြည့်ရင် အဲဒီအချိန်က တချို့သောလူတွေဟာ လူသေရင် နတ်စိမ်းဖြစ်မယ်, နတ်ကိုပသရင် အရာအားလုံး ပြည့်စုံမှုရှိပြီလို့ အယူသည်းခဲ့ကြယ်၊ အယူလွဲခဲ့ကြတယ်၊ ဒါကို လူငယ်တွေ သင်ခန်းစာယူပြီး ဘယ်အရာပဲဖြစ်ဖြစ် ဦးနှောက်နဲ့ တွေးတောရမယ်၊ သူများ ပြောတိုင်း မျက်လုံးမှိတ်ယုံကြည်တဲ့ စိတ်မျိုး မဖြစ်အောင် ပြောပြခြင်းသာ ဖြစ်တယ် ...၊

ကဲ ... အရုဏ်တက်ချိန်လည်း လွန်တော့မယ်၊ အားလုံး ပြန်ကြတော့”

လို့ ဆုံးမစကားဆိုပြီး တောင်ဝှေးကို အားပြုရင်း ထရပ်လိုက်တယ်။

ရွာသားလူငယ်တွေနဲ့ ရွာသူအချို့က ...

“အဘွားကို ကျုပ်တို့ ပြန်ပို့ပေးမယ်”

လို့ ပြောဆိုပြီး ဒေါ်အိုစာနဲ့အတူ ထိုအိမ်ပေါ်က ဆင်းခဲ့ကြတယ်။

ဒေါ်အိုစာနဲ့ ရွာသားတစ်အုပ်ဟာ အမှောင်ထုကြီးစိုးနေသေးတဲ့ ရွာလမ်းလေးအတိုင်း ထွက်ခဲ့ကြတယ်။

ရွာအနောက်ဘက် အုန်းပင်တန်းကို ကျော်လွန်ချိန်အထိ အားလုံးဟာ အတွေးကိုယ်စီနဲ့ ငြိမ်သက်စွာ လိုက်ပါခဲ့ကြ

www.burmeseclassic.com



တယ်။ အုန်းပင်တန်းရဲ့အလွန် သချိုင်းကုန်းအနီးကိုရောက်တဲ့ အခါ ဒေါ်အိုစာဟာ ...

"ကဲ ... ဒီနေရာကပဲ လှည့်ပြန်ကြပေတော့၊ လိုက်ပို့ပေးတဲ့အတွက် အားလုံးကို ကျေးဇူးတင် ပါတယ်ကွယ်"

လို့ ပြောလိုက်တယ်။

လူငယ်အုပ်စုဟာ ဒေါ်အိုစာရဲ့အပြောကြောင့် နောက် လှည့်ပြန်ဖို့ ပြင်လိုက်တယ်။

ဒီအချိန်မှာပဲ ...

သူတို့နဲ့ ဝါးသုံးရိုက်အကျော်လောက်ကနေ လျှောက် လာတဲ့ လူအရိပ်ကို တွေ့လိုက်ကြတယ်။

အားလုံးရဲ့အကြည့်က ထိုနေရာကို ရောက်သွားတယ်။

သူတို့ငေးကြည့်နေစဉ်မှာပဲ လူရိပ်ကို သဲကွဲစွာမြင်လိုက် ရတယ်။

ဒယ်အိုးရွက်ထားတဲ့ မိန်းမပျိုတစ်ယောက်။

သူတို့ရှိရာ တရွေ့ရွေ့ လျှောက်လှမ်းလာတယ်။



ဒေါ်အိုစာက တစ်ခါမှ မြင်ဖူးခြင်းမရှိသော မိန်းမပျိုကို မျက်မှောင်ကြုတ်ကြည့်ရင်း ...

"ဘယ်သူများလဲကွဲ့ ... တို့ရွာကတော့ ဟုတ်ဟန်မတူဘူး၊ ဘယ်များသွားမလို့လဲ သူ ငယ်မရဲ့"

လို့ လှမ်းမေးလိုက်တယ်။

ဒယ်အိုးရွက်ထားတဲ့ မိန်းမပျိုဟာ ဒေါ်အိုစာတို့ရှေ့က ဖြတ်လျှောက်သွားရင်းက ခြေလှမ်းတန့်သွားတယ်။

ပြီးတော့ နောက်ပြန်လှည့်ကြည့်ရင်း ...

"တစ်ဖက်ရွာကပါ အဘွား၊ အဘွားတို့ ရွာ မှာ အကြော်ရောင်းမလို့ ရောက်လာတာပါ၊ အမေကတော့ နောက်က လိုက်လာပါလိမ့်မယ်၊ ကျွန်မနာမည်က ... မိမိလေးပါ"

လို့ ပြောဆိုပြီး ဆက်လျှောက်သွားတယ်။

ရွာသားလူငယ်တွေဟာ မိမိလေးဆိုတဲ့ အသံကြောင့် ဆတ်ခနဲတုန်သွားပြီး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်

www.burmeseclassic.com



လိုက်မိတယ်။

ဒီအချိန် ဒေါ်အိုစာမှာ ရွာသားတွေကို ကျောခိုင်းလျက် သချိုင်းမြေထဲ တရွေ့ရွေ့ ဝင်သွားချေပြီ။

ရွာသားတွေဟာ အတန်ကြာအောင် မှင်တက်နေရာက မိန်းမပျိုရဲ့နောက်ကျောကို ငေးမောကြည့်ရင်း ...

"မိမိလေး" ...

လို့ ပြိုင်တူ ရေရွတ်လိုက်မိကြတယ်။

ဒယ်အိုးရှက်တဲ့ မိမိလေးနဲ့ ကိုယ်က နံ့သာနံ့သင်းသင်း လေးကတော့ သူတို့အားလုံးရဲ့နှလုံးသားခေါင်းဝမှာ စွဲထင်ကျန်ရစ် လျက် ။

□□□

**"မိမိလေး"**

မအိုစာ

BURMESE CLASSIC .com

www.burmeseclassic.com